မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၅၈)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

သူတို့သည် နိုင်ငံတော်အလံရေ့ကို အဖြတ် ခိုင်ကျည်သော စိတ်ဓာတ်ဖြင့် ရင်မှာ မာန်တင်းရင်း တစ်ဦးချင်း လက်ကိုဆန့်တန်းလျက် အလံကိုထိကာ သစ္စာပြုခဲ့ကြပေပြီ။ "ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏" ဟူသော တပ်မတော်သားတစ်ယောက်၏ မွန်မြတ်လေးနက်လှသော သစ္စာဓိဋ္ဌာန်မှ စတုတ္ထမြောက်စာသားက လေးနက်လှပေရာ သူတို့ကို မဆိုထားဘိ၊ ဘေးကနားထောင်ရသူပင် ကြက်သီးဖြန်းဖြန်းထအောင် ဖြစ်ရတော့သည်။ လှိုင်ဘွား(ပါရမီ)၏ ဆောင်းပါး စာ-စနှင့်၉တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သတင်းဆောင်းပါး - ဒေါက်တာသက်လွင်
ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

တိမ် အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရောအနောက်မြို့တော်က ကြိုဆိုပါသည်

ပခုက္ကူဒေသ ကျော-ရေမျက်နီ လမ်းပိုင်းရှိ ပုံညာတောင်ဥမင်ကို ထွင်းဖောက်၍ ရထားခုတ်မောင်းနိုင်ခဲ့ပြီဖြစ်ရာ ကူးသန်းသွားလာရေး သွက်လက်မြန်ဆန်လာခဲ့ပြီ။ (မြန်မာ့အလင်း)

နေပြည်တော် နိုဝင်ဘာ ၂၆

"ခင်ဗျားတို့ရဲ့ မြန်မာနိုင်ငံဟာ ဘုရားသခင်က မျက်နှာသာပေးထားတဲ့ နိုင်ငံပါပဲ"။ ဤစကားသည် နိုင်ငံခြားသားတစ်ဦးက စာရေးသူကို ပြောခဲ့သောစကားဖြစ်သည်။

"ဘာကို ဆိုလိုတာလဲ၊ ဘာအချက်တွေကြောင့်လဲ"ဟု စာရေးသူက မေးမိသည်။

"ခင်ဗျား စဉ်းစားကြည့်ဗျာ၊ ကမ္ဘာ့မြေပုံပေါ်မှာ မြန်မာပြည်ဟာ လူဦးရေ သန်းထောင်ကျော်ရှိတဲ့ တရုတ်ပြည်ကြီးနဲ့ အိန္ဒိယနိုင်ငံတွေကြားမှာ ရှိနေတယ်။ အရှေ့ဘက်မှာလည်း အာဆီယံနိုင်ငံတွေ ရှိနေပြန်တယ်၊

စာမျက်နှာ ၉ ကော်လံ ၃ ■

နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီး နေပြည်တော်တွင် ဝင့်ဝင့်ထည်ထည် တည်ဆောက်ထားပြီ

နေပြည်တော် နိုဝင်ဘာ ၂၆

နိုင်ငံတော်အစိုးရက နေပြည်တော်ကြီးကို စတင်ဆောက်ခဲ့ချိန်မှစ၍ နိုင်ငံတကာအဆင့်မီ အဆောက်အအုံ၊ လမ်းတံတားကြီးငယ်အသွယ်သွယ် အခင်းအကျင်းတို့ဖြင့် အဘက်ဘက်မှ တိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းခဲ့သည်။

စာမျက်နှာ ၆ ကော်လံ ၄ ❐

Mount Pleasant Hotel နှင့် ဘန်ဂလိုများဆောက်လုပ်ထားရာ တောင်ကုန်းကို ဤသို့ လှကူးတံတားဖြင့် ပေါင်းကူးဆက်သွယ်ပေးထားသည်။ ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း)

သတင်းခရီးသည် - မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း (မရမ်းကုန်း)
စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၇ ရက်)

အထွက်နှုန်းကောင်းမွန်သည့် ငွေချည်(၆)ချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ပျိုး ကုန်ထုတ်လုပ်မှုစွမ်းအားများ တိုးတက်မြင့်မားလာမည်

မြန်မာနိုင်ငံသည် သဘာဝသယံဇာတနှင့်ပြည့်စုံကြွယ်ဝပြီး ရာသီဥတုအနေအထား သင့်တင့်မျှတ၍ သီးနှံစိုက်ပျိုးရန်ကောင်းသော ရေခံ၊ မြေခံရှိသည့် နိုင်ငံဖြစ်သည်။

နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်သော စက်မှုကုန်ကြမ်းသီးနှံ ချည်မျှင်ရှည်ဝါနှင့် ရော်ဘာတို့ကို ရာသီဥတုနှင့်ကိုက်ညီသည့်ဒေသများ၌ ပိုမိုတိုးချဲ့ စိုက်ပျိုးလျက်ရှိသည်။

လူတစ်ဦးချင်းစီ၏ အဓိကလိုအပ်ချက်ဖြစ်သည့် စားရေး၊ နေရေး၊ ဝတ်ရေးတို့အနက် ဝတ်ရေးအတွက်လိုအပ်သော ငွေချည်(၆) ကဲ့သို့ အမျိုးအစားကောင်းသည့်ဝါကို ယခုအခါ ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်ပြီဖြစ်သည်။

ဆန်၊ ပဲ၊ ပြောင်း၊ ဝါနှင့် နှမ်းတို့သည် အဓိကလယ်ယာထွက်ကုန်များဖြစ်ပြီး ယခုအခါ တောင်သူများသည် ဝင်ငွေကောင်းသော ချည်မျှင်ရှည်ဝါဖြစ်ထွန်းမှုကြောင့် ငွေချည်(၆)ချည်မျှင်ရှည်ဝါကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာကြပြီဖြစ်သည်။

ငွေချည်(၆)ချည်မျှင်ရှည်ဝါကို မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်းတို့တွင် စိုက်ပျိုးဖြစ်ထွန်းမှုအောင်မြင်ခဲ့၍ ချည်မျှင်စက်ရုံ(ပျော်ဘွယ်)ကို ဖွင့်လှစ်နိုင်ခဲ့ပြီး ၁/၃၂ချည်၊ ၁/၂၀ချည်၊ ၁/၄၀ နှင့် ၁/၁၀တို့ကို ထုတ်လုပ်လျက်ရှိသည်။

ယခုအခါ ငွေချည်(၆)ချည်မျှင်ရှည်ဝါကို နေပြည်တော်တပ်ကုန်း၌ အင်ပင်၊ မြောက်မြိုက်၊ ဝွေ့ကြီး၊ အလယ်ကျွန်းနှင့် လက်ပံ စသောကျေးရွာများ၌ တောင်သူများ အင်တိုက်အားတိုက် စိုက်ပျိုးနေကြပြီဖြစ်သည်။

ငွေချည်(၆)ချည်မျှင်ရှည်ဝါသည် ရာသီဥတုဒဏ်ခံနိုင်ပြီး ဝါအထွက်နှုန်းကိုထိခိုက်စေသည့် သီးလုံးဖောက်ပိုးများ၏ဒဏ်ကို ခံနိုင်ရည်စွမ်းအားရှိ၍ တောင်သူများအတွက် ပိုးသတ်ဆေးပက်ဖျန်းမှုစရိတ် သက်သာစေသည်။

ယင်းချည်မျှင်ရှည်ဝါ၏အရည်အသွေးမှာ ဂွမ်းမွေးရှည်ခြင်း၊ အရည်အသွေးကောင်းခြင်း၊ မိုးကြို၊ မိုးနှောင်း ရာသီမရွေးစိုက်ပျိုးနိုင်ခြင်းတို့ကြောင့် ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံနှင့် ရမည်းသင်းခရိုင်တို့တွင် အများဆုံးစိုက်ပျိုးလျက်ရှိသည်။

ငွေချည်(၆)ချည်မျှင်ရှည်ဝါသည် တောင်သူလယ်သမားများအတွက် အကျိုးစီးပွားဖြစ်ထွန်းပြီး ကုန်ကျမှုစရိတ်သက်သာခြင်း၊ ရာသီဥတုဒဏ်ခံနိုင်ခြင်း၊ ဝါဖျက်ပိုးဒဏ်ခံနိုင်စွမ်းရှိခြင်းတို့ကြောင့် တောင်သူများ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏စက်ရုံများအတွက်လည်း ကုန်ထုတ်လုပ်မှုများ ပိုမိုတိုးတက် မြင့်မားလာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လဲချားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးလင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဆန်းဝင်းတို့ နိုဝင်ဘာ ၁၅ရက်က စဝ်စံထွန်းလမ်း ကျောက်ဖြည့် သဲခင်းပြုပြင်မှုကို ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၂၇-၁၁-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အိုင်စီတီသုတ
၄း၂၀ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၃၅ ၅။ မဟာဂီတ ချိုကြည်မြ
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၂၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်း တိရစ္ဆာန်များအကြောင်း အာဖရိက၏ တောတွင်း တိရစ္ဆာန်များ (အပိုင်း-၃)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်
၆း၃၀ ၁၄။ "ရွာ" ဟာသဇာတ်လမ်းတွဲ **သူနဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင်** ပေါ်လေး၊ ချစ်ဖွယ်၊ မေတ္တာ
၆း၅၀ ၁၅။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မှုခင်းရဲ** (အပိုင်း-၁၄)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု ပညာရေးမဏ္ဍိုင်
၂၂။ ရှင်သန်နေသောသီချင်းများ (Living Songs) **တေးရေး-စိုးလင်း(အပိုင်း-၂) မရပ်မနားအိပ်မက်များ**
၂၃။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရဏ်ဦး** (အပိုင်း-၅)

လှည်းကူးမြို့နယ်အတွင်း စာကြည့်တိုက်များဖွင့်လှစ်

လှည်းကူး နိုဝင်ဘာ ၂၆

လှည်းကူးမြို့နယ် စာဘူးတောင်းကျေးရွာအုပ်စု လင်းအရဏ်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ၂၂ရက်က အဆိုပါ စာကြည့်တိုက်တွင်ကျင်းပရာ စာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုလှိုင်နှင့် စာဘူးတောင်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစာဘွဲ့မှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဖွင့်လှစ်

အလားတူ ဟိုင်းကူးကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာ ပညာဗိမာန်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ စာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဟိုင်းကူးကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမြတ်သူနှင့်တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နေပြည်တော်မြန်မာ့အသံ

(စနေနေ့-နံနက်+နေ့လယ်+ည)

(၂၈-၁၁-၂၀၀၉)

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် **(ပုဗ္ဗဏှသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၂၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၂၀ လောကနီတိအသိရှိစေဖို့ (ရှိခိုးကန်တော့ခြင်း)
၈း၅၀ တေးပဒေသာ
၉း၃၀ ဘဝအသွင်ကဗျာ့အမြင် (မုဒိတာ) တေးပဒေသာ
၉း၄၅ အာဆီယံအစီအစဉ်
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၀ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ကလေးအစီအစဉ် ကလေးများအတွက် တေးသီချင်းများ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅ ဇာတ်လမ်းပမာနားဆင်စရာ (တံ့မယူလို) တေးပဒေသာ
၁၂း၀၀ စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့် တေးပဒေသာ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (အနုပညာတို့စုဝေးရာ မန္တလေး မြို့တော်-သာရဝေါ်စိုးကြည်)
၁၂း၃၀ ဟန်မျိုးစုံညီတေးကိုသီ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ် (ပညာရေးအထူးအစီအစဉ်) တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ လေလှိုင်းကြားကပွဲတင်သံ
၁၇း၁၅ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ခေတ်မရွေးသောတေးများ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီတေးပန်းချီ
၁၈း၃၅ Radio Internet (05)
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ တေးပဒေသာ
၁၉း၁၅ သူ့အကြိုက်သူ့အသွင် (လင်းဇာနည်ဇော်)
၁၉း၃၀ ကျန်းမာရေးရာသိကောင်းစရာ (နှစ်ခြိုက်စွာအိပ်စက်ခြင်းဖြင့် အားအင်အသစ်တွေရယူကြမယ်) တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀း၃၀ သိမှတ်ဖွယ်ရာနိုင်ငံရေးရာ(၁၆)
၂၀း၄၅ ညချမ်းချိန်ခါတေးပဒေသာ
၂၁း၀၀ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁း၃၀ လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာငှားကတ်စနစ်ကျင့်သုံးရေး မင်းတုန်း၌ဆွေးနွေး

မင်းတုန်း နိုဝင်ဘာ ၂၆

သရက်ခရိုင် မင်းတုန်းမြို့နယ် ထောက်ရက်အုပ်စု ကျီးကန်ရွာ ပညာဘဏ္ဍာစာကြည့်တိုက်၌ နိုဝင်ဘာ၁၈ရက်မွန်းလွဲပိုင်းက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာငှားကတ်စနစ်ကျင့်သုံးရေး ဆွေးနွေးပွဲကျင်းပရာ စာကြည့်တိုက်မှူး ဦးကျော်မိုးနှင့် စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

*ဆွေးနွေးပွဲတွင် သရက်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလှမျိုးအောင်က စာကြည့်တိုက်များဖွင့်လှစ်ရခြင်းနှင့် စံ(၅)ချက်ညီ စာကြည့်တိုက်များအကြောင်းကိုလည်းကောင်း **(ယာပုံ)**၊ မြို့နယ်ဦးစီးမှူး ဦးခင်ဝင်းက စာငှားကတ်စနစ်ကျင့်သုံးရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်းကိုလည်းကောင်း၊ စာကြည့်တိုက်လက်ထောက်(၃) ဦးမြင့်ရွှေက စာဖတ်ခြင်းအကျိုးကျေးဇူးများအကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။* ***(ခရိုင် ပြန်/ဆက်)***

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ကသာမြို့နယ်၌ ဆောင်ရွက်

ကသာ နိုဝင်ဘာ ၂၆

ကသာခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းကို၊ ဒုတိယဦးစီးမှူး ဦးခင်အောင်သိန်းလွင်နှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၂၀ရက်က ကသာမြို့နယ်အတွင်းရှိ မိုးတာကြီးကျေးရွာ၊ မင်းလည်ကျေးရွာ၊ ပေါ်မမြိုင်ကျေးရွာများသို့ သွားရောက်ပြီး စာကြည့်တိုက်ပိုင်မြေနှင့် အဆောက်အအုံရရှိရေး၊ စာကြည့်တိုက်များအား ရုံးချုပ်မှ သတ်မှတ်ပေးသည့် စံချိန်စံညွှန်းအတိုင်း ဆောက်လုပ်သွားရေး၊ စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များဖြစ်ရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေး၊ စာအုပ်စာစောင်တိုးပွားရေးနှင့် ငွေပဒေသာပင်စိုက်ထူရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။ *(ခရိုင် ပြန်/ဆက်)*

27-11 (02).pmd 1 11/27/2009, 12:54 PM

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ တတိယနေရာလုပွဲ

ဝန်ကြီး ပိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၉ ခုနှစ် တတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ တတိယနေရာလုပွဲကို ယနေ့ ညနေ ၃ နာရီက နေပြည်တော် အားကစားကွင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဘော်လီဘောအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။**(အပေါ်ပုံ)**

ယှဉ်ပြိုင်ကစားမည်

အဆိုပါ တတိယနေရာလုပြိုင်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းက အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းကို သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး တတိယရရှိသွားသည်။ ၂၀၀၉ ခုနှစ် တတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို နိုဝင်ဘာ ၂၇ ရက် ညနေ ၃ နာရီတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၁၁-၂၀၀၉(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)
၇း၄၅	၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၆။ အကပြိုင်ပွဲ
၈း၀၀	၇။ ကားရထား လမ်းနှစ်သွယ် ပါဝင်တည်ဆောက်နေတဲ့ ဧရာဝတီမြစ်ကူးတံတား (စင်းခန်း)
၈း၁၀	၈။ ကြေးမုံရိပ်သွင် တေးနုယဉ်
၈း၂၅	၉။ **မျှော်သူမမောစေချင်**
၈း၄၀	၁၀။ International News
၈း၄၅	၁၁။ တေးဂီတအစီအစဉ်
၉း၀၀	၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀	၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၄း၁၅	၃။ အတီးပြိုင်ပွဲ
၄း၂၀	၄။ နှောင်းခေတ် တေးပဒေသာ
၄း၃၀	၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၄း၄၅	၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၀၀	၇။ မြန်မာစာ၊ မြန်မာစကား
၅း၁၅	၈။ **မီးမီးရဲ့ဆုံး ဖြတ်ချက်**
၅း၂၅	၉။ တေးဂီတအစီအစဉ်
၅း၃၅	၁၀။ **ပဉ္စလက်ကျောင်းတော်**
၆း၀၀	၁၁။ ညနေခင်းသတင်း
၆း၁၅	၁၂။ မိုးလေဝသအခြေအနေ
၆း၂၀	၁၃။ သုတစုံလင် ရွှေဉာဏ်ရှင်
၇း၀၀	၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်** (အပိုင်း- ၁၆)
၈း၀၀	၁၅။ ပြည်တွင်းသတင်း
	၁၆။ နိုင်ငံတကာသတင်းများ
	၁၇။ မိုးလေဝသအခြေအနေ
	၁၈။ **ဧရာဝတီရဲ့မနက်ဖြန်** (အပိုင်း-၂) (ဇာတ်သိမ်းပိုင်း) နေအောင်၊ကျော်ရဲအောင်၊ ရဲအောင်၊ဝေဠုကျော်၊ နေတိုး၊ပြေတီဦး၊ ဟိန်းစိုး၊နန္ဒ၊အောင်ခိုင်၊ စိုးမြတ်သူဇာ၊မေသဥ္ဇာဦး၊ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်၊ စိုးမိုးကြည်၊မိုးပြည့်ပြည့်မောင်၊ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ-စင်ရော်မောင်မောင်)
	၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၇၈)
	၂၀။ **သီချင်းချစ်သူ** (သီရိဆွေ)
	၂၁။ အစီအစဉ်ပြီး၏။

သံအမတ်ကြီး ဦးတင်ယုအား တူရကီသမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် နိုဝင်ဘာ ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် အီဂျစ်အာရပ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုအား ၎င်း၏ လက်ရှိ တာဝန်ဝတ္တရားများအပြင် တူရကီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

ပညာရေးဟောပြောပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

Wise International School for Executives က ကြီးမှူး၍ နိုဝင်ဘာ ၂၈ရက် (စနေနေ့) မွန်းလွဲ၁နာရီမှ ညနေ ၃နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာ့အေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းထောင့်ရှိ ယုဇနတာဝါ ၁၀ထပ် အခန်း ၁၀၀၉၌ Industrial & Organizational Psychology ခေါင်းစဉ်ဖြင့် ဟောပြောပွဲ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ဖုန်း-၅၅၆၁၈၃နှင့် ၀၉-၅၁-၅၇၀၃၂တို့သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံ-ရုရှား ပူးတွဲ အစည်းအဝေးများ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၆

(၈)ကြိမ်မြောက် အာဆီယံ-ရုရှား ပူးတွဲပူးပေါင်းဆောင်ရွက်ရေး ကော်မတီအစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံ-ရုရှား ပူးတွဲစီမံကိန်းနှင့်စီမံရေးရာကော်မတီ အစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် အာဆီယံ-ရုရှား ထိပ်သီးအစည်းအဝေးဆိုင်ရာ အာဆီယံ-ရုရှား လုပ်ငန်းအဖွဲ့အစည်းအဝေးများကို နိုဝင်ဘာ ၂၅ရက်နှင့် ၂၆ရက်တို့တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ညွှန်ကြားရေးမှူးချုပ် ခေါင်းဆောင်သော ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆင့်မြင့်အရာရှိကြီးများတက်ရောက်ခဲ့ကြသည်။ အဆိုပါ အစည်းအဝေးတွင် မြန်မာ-အာဆီယံ ရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အာဆီယံနှင့် အာရှပစိဖိတ်ဌာနမှ ညွှန်ကြားရေးမှူးချုပ် မစ္စတာဘက်ခ်တီးယားကာကီမိုဗ်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

ပူးပေါင်းဖော်ဆောင်

အစည်းအဝေးတွင် အာဆီယံနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံများအကြား ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ (၂၀၀၅-၂၀၁၅)အရ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ခဲ့ကြသည်။

၂၀၀၉ ခုနှစ် ဇူလိုင် ၂၂ရက်တွင် ထိုင်းနိုင်ငံ ဖူးခက်မြို့၌ ကျင်းပခဲ့သော ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးတွင် ဝန်ကြီးများ၏ ညွှန်ကြားချက်များအရ ယဉ်ကျေးမှု၊စွမ်းအင်၊ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှု၊ အကြမ်းဖက်မှုနှိမ်နင်းရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ သိပ္ပံနှင့် နည်းပညာစသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံ-ရုရှားထိပ်သီး အစည်းအဝေး၏ဆက်စပ်အစည်းအဝေးများအဖြစ် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲများကို ပြုလုပ်ရေး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ စီးပွားရေးနှင့် စွမ်းအင်တို့တွင် ပူးပေါင်းဆောင်ရွက်ခဲ့သည်များကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

ယခင် (၇)ကြိမ်မြောက် အာဆီယံ-ရုရှား ပူးတွဲ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ အစည်းအဝေး၊ (၆)ကြိမ်မြောက် အာဆီယံ-ရုရှား ပူးတွဲစီမံကိန်းနှင့် စီမံရေးရာ ကော်မတီအစည်းအဝေးများမှ တင်ပြခဲ့သော အာဆီယံ-ရုရှား ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေအောက်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပူးတွဲစီမံကိန်း (၅)ခုနှင့် အတည်ပြုပြီး ဖြစ်သော ပူးတွဲစီမံကိန်း(၅)ခု ပါဝင်သည့် အာဆီယံ-ရုရှား ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ ရရှိမှု နောက်ဆုံးအခြေအနေကိုဆွေးနွေးခဲ့ကြသည်။

သုံးသပ်

အာဆီယံ-ရုရှား ပူးတွဲလုပ်ငန်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများအပေါ်တွင် ရွေးချယ်သတ်မှတ်ခြင်း၊ အတည်ပြုခြင်း၊ ဘဏ္ဍာရေးအခြေအနေများ သုံးသပ်ခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ ညွှန်ကြားချက်များနှင့် အခြေပြဇယားတို့နှင့် စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်။

သဘောတူ

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ညွှန်ကြားရေးမှူးချုပ်များ ဦးဆောင်သော အစည်းအဝေးကို မော်စကိုမြို့တွင် ၂၀၁၀ခု နှစ်ဦးပိုင်း၌ အာဆီယံ-ရုရှား အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးနှင့် တစ်ဆက်တစ်စပ်တည်းကျင်းပရန် အစည်းအဝေးက သဘောတူခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၈)ကြိမ်မြောက် အာဆီယံ-ရုရှား ပူးတွဲပူးပေါင်းဆောင်ရွက်ရေး ကော်မတီ အစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံ-ရုရှား ပူးတွဲစီမံကိန်းနှင့် စီမံရေးရာကော်မတီ အစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် အာဆီယံ-ရုရှား ထိပ်သီး အစည်းအဝေးဆိုင်ရာ အာဆီယံ-ရုရှား လုပ်ငန်းအဖွဲ့ အစည်းအဝေးများကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ တက်ရောက်လာသော အာဆီယံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံတစ်ဝန်း သာသာယာယာရှိမည်

နေပြည်တော် နိုဝင်ဘာ ၂၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာသည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် မန္တလေးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလ၏ပျမ်းမျှ အပူချိန်တို့အောက် ၃ဒီဂရီ စင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၃ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် ၆ဒီဂရီစင်တီဂရိတ်၊မင်းတပ်မြို့တွင် ၇ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် အမ်းမြို့တို့တွင် ၈ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့တွင် ၉ဒီဂရီစင်တီဂရိတ်၊ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့တွင် ၁၀ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

နိုဝင်ဘာ ၂၇ရက်ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

တောင်ကြီးမြို့ ဌာနပေါင်းစုံ ပျိုးဥယျာဉ်တွင် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အရိပ်ရပင်နှင့် ပန်းအလှပင်များ ပြုစုပျိုးထောင်ထားရှိမှုကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (သတင်းစဉ်)

စက်ရုပ်ကုန်စည်ပြပွဲ

ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ စက်ရုပ်ကုန်စည်ပြပွဲကို နိုဝင်ဘာ ၂၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘောဒီးယားနှင့်လာအို နယ်နိမိတ်သတ်မှတ်ရေး နှစ်နိုင်ငံဝန်ကြီးချုပ်များ တွေ့ဆုံဆွေးနွေး

ဖနောင်ပင် နိုဝင်ဘာ ၂၆

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်နှင့် ဧည့်သည်တော် လာအိုဝန်ကြီးချုပ် ဘိုဝါဆွန်ဘုဖာဝမ်းတို့သည် ကမ္ဘောဒီးယားနှင့် လာအို အိမ်နီးချင်းနှစ်နိုင်ငံအကြား နယ်နိမိတ်သတ်မှတ်ရေးအပြင် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များနှင့် ပတ်သက်၍ နိုဝင်ဘာ ၂၅ရက်က ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးရုံး၌ တွေ့ဆုံဆွေးနွေးကြသည်။

ဆွေးနွေး

၎င်းနှစ်နိုင်ငံကြား နယ်နိမိတ်သတ်မှတ်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုကြကြောင်း၊ နယ်ခြားကော်မတီက စိုက်ထူထားပြီးဖြစ်သော ယာယီနယ်ခြားသတ်မှတ်သည့် အမှတ်အသားများမှာ တကယ့်နယ်နိမိတ်မှတ်တိုင်များ ဖြစ်လာမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ဟော်နမ်ဟောင်က နှစ်နိုင်ငံခေါင်းဆောင်များနှင့် နှစ်နာရီကျော်ကြာ ဆွေးနွေးကြပြီးနောက် သတင်းထောက်များအား ပြောကြားသည်။

ပြောကြား

မိမိတို့နှစ်နိုင်ငံကြား နယ်ခြားမှတ်တိုင် ၁၂ရာခိုင်နှုန်းခန့် စိုက်ထူရန် ကျန်ရှိနေသေးကြောင်း၊ နယ်စပ်မှတ်တိုင်စိုက်ထူမှုကို အမြန်ဆုံးရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်နေကြောင်းလည်း ဟော်နမ်ဟောင်က ပြောကြားသည်။

ကျင်းပ

နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ပြီး နောင်တွင် ကဏ္ဍစုံပူးပေါင်းမှုများပြုလုပ်ရေးဆိုင်ရာ အစည်းအဝေးကျင်းပသွားမည်ဖြစ်ကြောင်း ဟော်နမ်ဟောင်က ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အကြမ်းဖက်သူအဖြစ် မသင်္ကာသူတို့အား ညှဉ်းပန်းမှု ဗြိတိသျှထောက်လှမ်းရေး အရာရှိများ ပါဝင်ဟုဆို

အစ္စလမ္မာဘတ် နိုဝင်ဘာ ၂၆

ဗြိတိသျှထောက်လှမ်းရေးများသည် ပါကစ္စတန်နိုင်ငံ၌ ဖမ်းဆီးထားသော ပါကစ္စတန်နိုင်ငံသားများအား ညှဉ်းပန်းနှိပ်စက်မှု၌ ပါဝင်ပတ်သက်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ (အိတ်ချ်အာရ်ဒဗလျူ)၏ ငါးနှစ်ကြာလေ့လာချက်တွင် ညွှန်ပြနေကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

တိုက်ဆိုင်

အဆိုပါ လေ့လာတွေ့ရှိချက်များကို နိုဝင်ဘာ ၂၄ရက်က လူသိရှင်ကြားထုတ်ပြန်ကြေညာလိုက်ရာ အီရတ်စစ်ပွဲသို့ ဗြိတိန်တို့မည်သို့ ပါဝင်ပတ်သက်သည် ဆိုခြင်းကို ဗြိတိန်နိုင်ငံက စုံစမ်းစစ်ဆေးလာမှုနှင့် တိုက်ဆိုင်နေသည်။

တောင်းဆို

ထို့ပြင် ၎င်းလေ့လာတွေ့ရှိချက်များကြောင့် အကြမ်းဖက်သမားဟူ၍ သင်္ကာမကင်းသူများအား ညှဉ်းပန်းနှိပ်စက်မှုတွင် ဗြိတိသျှအရာရှိများက ပူးပေါင်းလိမ်လည်ရန် ညှိနှိုင်းထားသည်ဆိုသော စွပ်စွဲချက်များကို လူသိရှင်ကြားစုံစမ်းပေးရန် တောင်းဆိုကောင်း တောင်းဆိုလာဖွယ်ရှိသည်ဟုဆိုသည်။

ပါကစ္စတန်နိုင်ငံ၌ ဖမ်းဆီးခံရသည့် မသင်္ကာဖွယ်လေးဦးအား စစ်ဆေးသည့် ဗြိတိသျှထောက်လှမ်းရေးအရာရှိများအနေဖြင့် လက်သည်းခွံခွာမှု အပါအဝင် ထင်သာမြင်သာသော ညှဉ်းပန်းနှိပ်စက်မှု လက္ခဏာများမှ လွတ်အောင်ရှောင်နိုင်ဖွယ်မရှိကြောင်း အစီရင်ခံစာ၌ ဖော်ပြသည်။

(အင်တာနက်)

ဗုံးပေါက်ကွဲမှုဖြစ်ပွား

အီရတ်နိုင်ငံ ကာဘာလာမြို့စားသောက်ဆိုင်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို နိုဝင်ဘာ၂၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ် ကာဘာလာမြို့၌ ဗုံးနှစ်လုံးဆက်တိုက်ပေါက်ကွဲ လေးဦးသေဆုံးပြီး ၂၅ဦးဒဏ်ရာရရှိခဲ့

ဘဂ္ဂဒက် နိုဝင်ဘာ ၂၆

အီရတ်နိုင်ငံ ကာဘာလာမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်၌ နိုဝင်ဘာ ၂၅ရက်က ဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာ လေးဦးသေဆုံးပြီး ၂၅ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ လူစည်ကားသော နာမည်ကျော် စားသောက်ဆိုင်အတွင်း နိုဝင်ဘာ ၂၅ရက် နံနက် ၉နာရီခန့်က ပထမဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ထပ်ဆင့်ပေါက်ကွဲ

ဗုံးပေါက်ကွဲသဖြင့် အခင်းဖြစ်ပွားရာနေရာသို့ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူနာတင်ယာဉ်များနှင့် ဒဏ်ရာရရှိသူများအား ကူညီပေးရန် အနီးအနားမှ ပြည်သူများရောက်ရှိလာစဉ် ဒုတိယဗုံး ထပ်ဆင့်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။ ပြီးခဲ့သည့် နှစ်နှစ်အတွင်းက အကြမ်းဖက်တိုက်ခိုက်မှုများမှာ ကျဆင်းသွားခဲ့သော်လည်း ယခုအချိန်၌ ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ယူကရိန်းသို့ ရုရှားသဘာဝဓာတ်ငွေ့ ပို့လွှတ်မှုလျှော့ချမည်

မော်စကို နိုဝင်ဘာ ၂၆

ရုရှားနိုင်ငံ၏ ဂတ်ဇ်ပရွန် ကုမ္ပဏီနှင့် ယူကရိန်းနိုင်ငံ သဘာဝဓာတ်ငွေ့ကို လက်ဝါးကြီးအုပ်ထားသော နက်ဖ်တိုဂတ်ဇ်ကုမ္ပဏီတို့သည် ယူကရိန်းနိုင်ငံသို့ ရုရှားနိုင်ငံမှ ရောင်းချနေသော သဘာဝဓာတ်ငွေ့ကို ၂၀၁၀ ခုနှစ်တွင် ၃၅ရာခိုင်နှုန်းလျှော့ကာ ကုဗမီတာ ၅၂ဘီလီယံမှ ကုဗမီတာ ၃၃ဒသမ ၇၅ဘီလီယံအထိ လျှော့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (အင်တာနက်)

ရဝမ်ဒါ-ဟူတူ သူပုန်နှိမ်နင်းမှု မအောင်မြင်ဟုဆို

ကန်ရှာဆာ နိုဝင်ဘာ ၂၆

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ အရှေ့ပိုင်းမှ သူပုန်များအား ကုလသမဂ္ဂထောက်ခံသည့် အစိုးရ၏ စစ်ဆင်ရေးများမှာ မအောင်မြင်ကြောင်း ကျွမ်းကျင်သူများ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

တွေ့ရှိ

နိုင်ငံအရှေ့ပိုင်းရှိ ရဝမ်ဒါ-ဟူတူ သူပုန်များမှာ တပ်သားသစ်များ ထပ်မံစုဆောင်းနိုင်ပြီး လက်နက်ဝယ်ယူရန် ရန်ပုံငွေများ ဆက်လက်ရရှိနေသည်ဟုဆိုသည်။ အဆိုပါ တွေ့ရှိချက်များကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက မကြာမီ ဆွေးနွေးမည်ဟု သိရသည်။

(အင်တာနက်)

အိန္ဒိယ မွမ်ဘိုင်းမြို့ အကြမ်းဖက်တိုက်ခိုက်မှု ပါကစ္စတန်၌ မသင်္ကာသူခုနစ်ဦးအား စွဲချက်တင်

အစ္စလမ္မာဘတ် နိုဝင်ဘာ ၂၆

ပြီးခဲ့သည့်နှစ်က အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ အကြမ်းဖက်တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ မသင်္ကာသူခုနစ်ဦးအား အစ္စလမ္မာဘတ်တရားရုံးက တရားစွဲဆိုလိုက်သည်။

ပါဝင်

စွဲချက်တင်ခံရသူများတွင် မွမ်ဘိုင်းအကြမ်းဖက်တိုက်ခိုက်မှုကို နောက်ကွယ်မှကြိုးကိုင်သူဖြစ်သည်ဟုဆိုသူ ဇာကီအုရ်ရာမန်လက်ဗီလည်း ပါဝင်ကြောင်း ရှေ့နေများက ပြောကြားသည်။

တိုက်ခိုက်

မစ္စတာလက်ဗီနှင့် အခြားခြောက်ဦးအား ပါကစ္စတန်နိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးအက်ဥပဒေနှင့် ပြစ်မှုဆိုင်ရာ ကိုဓဥပဒေတို့အရ စွဲချက်တင်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ မွမ်ဘိုင်းအကြမ်းဖက်တိုက်ခိုက်မှုတွင် ၁၆၆ဦး သေဆုံးခဲ့ရသည်။ (အင်တာနက်)

ပါကစ္စတန်၌ နေတိုးစက်သုံးဆီသယ်ယာဉ် အကြမ်းဖက်သမားများ ချုံခိုတိုက်ခိုက်

အစ္စလမ္မာဘတ် နိုဝင်ဘာ ၂၆

ပါကစ္စတန်နိုင်ငံ ဖောင့်တီးယားပြည်နယ်တွင် အာဖဂန်နစ္စတန်ရှိ နေတိုးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ရေးစက်သုံးဆီသယ်ယာဉ်တစ်စီးကို နိုဝင်ဘာ၂၅ရက်၌ အကြမ်းဖက်သမားများက ချုံခိုတိုက်ခိုက်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

ပက်ရှ်ဝါမြို့ အနောက်မြောက်ပိုင်းရှိ အာဖဂန်နစ္စတန်နိုင်ငံသို့ ဆက်သွယ်ထားသည့် လမ်းမကြီးပေါ်တွင် အကြမ်းဖက်သမား ၁၀ဦးခန့်က တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ စက်သုံးဆီသယ်ယာဉ်မှာ မီးလောင်ခဲ့ပြီး**(ဓါတ်ပုံ)** ယာဉ်မောင်းနှင့် ယာဉ်မောင်းအကူတို့မှာ သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ မိုဟာမက်အလမ်ရှင်ဝါရီက ပြောကြားသည်။

ပျက်စီး

နိုဝင်ဘာ ၂၅ရက်ကလည်း ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းတွင် ရေနံတင်ယာဉ်တန်း တိုက်ခိုက်ခံရပြီး ယာဉ်မောင်းတစ်ဦးသေဆုံးကာ ရေနံတင်ယာဉ် လေးစီးမှာ ပျက်စီးသွားခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ရာသီဥတုပြောင်းလဲမှု ဆိုးရွားစွာမဖြစ်ပေါ်ရေး ကျွမ်းကျင်ပညာရှင်များ သတိပေးပြောကြား

ပေကျင်း နိုဝင်ဘာ ၂၆

လာမည့်လအတွင်း ကိုပင်ဟေဂင်တွင် ကျင်းပမည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစည်းအဝေးတွင် ၂၀၁၅ခုနှစ်မှ ၂၀၂၀ခုနှစ်အတွင်း ဆိုးရွားသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာများ ထိန်းချုပ်နိုင်ရေးအတွက် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ လျှော့ချရေးနှင့်ပတ်သက်၍ သတိပေးရန် နိုဝင်ဘာ ၂၄ရက်၌ ကျွမ်းကျင်ပညာရှင်များက တောင်းဆိုလိုက်သည်။

အရည်ပျော်

၂၁၀၀ခုနှစ်အရောက်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ရေခဲပြင်များနှင့် ရေခဲမြစ်များအရည်ပျော်ကာ ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် တစ်မီတာမှ နှစ်မီတာအထိ မြင့်တက်လာနိုင်ဖွယ်ရှိသည်ဟု ဆိုသည်။

သတိပေး

သို့ဖြစ်ရာ ဆိုးရွားသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဖြစ်ပေါ်စေရေးအတွက် ကျွမ်းကျင်သူများက အလေးအနက် သတိပေးပြောကြားလျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ ရေးသားပြုစုသည်

ကနေဒါ သတင်းထောက်နှစ်ဦး ဆိုမာလီသေနတ်သမားများ ပြန်လွှတ်ပေးခဲ့

ဓာတ်ပုံသတင်းထောက် နီကယ်ဘရီနန်နှင့် ကနေဒါသတင်းထောက် အာမင်ဒါလင်းဟောက်တို့ကို ဆိုမာလီသေနတ်သမားများက ၁၅လကြာ ဖမ်းဆီးချုပ်နှောင်ထားခဲ့ပြီးနောက် ယခုအခါ ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ အဆိုပါ သတင်းစာဆရာနှစ်ဦးတို့ကို နိုဝင်ဘာ ၂၅ရက်ညက ပြန်လွှတ်ပေးလိုက်ကြောင်း၊ ၄င်းတို့နှစ်ဦးသည် ရဲတပ်ဖွဲ့ဝင်အပါအဝင် ဆိုမာလီလွှတ်တော်အမတ်ဘိုတန်အက်စီအာလင်နှင့်အတူ မိုဂါဒစ်ရှူးဟိုတယ်တစ်ခုတွင်ရှိနေကြောင်း ရုပ်မြင်သံကြား သတင်းထောက်က ပြောကြားသည်။

ရုရှားနိုင်ငံ၏ အက်စ်-၃၀၀ ဒုံးပျံစနစ် အီရန်သို့မပို့ရန် အမေရိကန်နှင့် အစ္စရေး သတိပေး

အမေရိကန်ပြည်ထောင်စုနှင့် အစ္စရေးတို့သည် အီရန်နိုင်ငံသို့ ရုရှားနိုင်ငံ၏ အက်စ်-၃၀၀ဒုံးပျံစနစ်ပေးပို့ခြင်းမပြုရန် ရုရှားနိုင်ငံအား သတိပေးနေသည်ဟု အဆင့်မြင့်အီရန်တပ်မှူးတစ်ဦးက ပြောကြားသည်။ အီရန်နိုင်ငံသို့ ရုရှားနိုင်ငံ၏ အက်စ်-၃၀၀ ဒုံးပျံစနစ်ပေးပို့ရေးတွင် နှောင့်နှေးနေခြင်းသည် အမေရိကန်ပြည်ထောင်စုနှင့် အစ္စရေးတို့က ရုရှားနိုင်ငံအား ဖိအားပေးနေခြင်းကြောင့် ဖြစ်သည်ဟု အီရန်တော်လှန်ရေးအစောင့်တပ် အိုင်အာဂျီစီတပ်မှူး ဗိုလ်ချုပ် မိုဟာမက်အလီဂျာဖာရီက ပြောကြားသည်။

အီရန် နျူကလီးယားအစီအစဉ် ဘက်မလိုက်အဖွဲ့ထောက်ခံကြောင်း ပြောကြား

အီရန်နျူကလီးယားအစီအစဉ်ကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့(နမ်)က ထောက်ခံကြောင်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့မှ ထပ်မံပြောကြားသည်ဟု နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)ဆိုင်ရာ အီရန်သံအမတ်ကြီးက ပြောကြားသည်။ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများက အီရန်နိုင်ငံ၏ ငြိမ်းချမ်းရေးအတွက် နျူကလီးယားအစီအစဉ်ကို ထောက်ခံကြောင်းပြောကြားမည့် ကြေညာချက်ကို တညီတညွတ်တည်း လက်မှတ်ရေးထိုးကြသည်ဟု အီရန်သံအမတ်ကြီးက ပြောကြားကြောင်းဖြင့်လည်း အိုင်အာအင်န်အေသတင်းဌာနက ကိုးကားဖော်ပြသည်။

တရုတ်၌ ကျောက်မီးသွေးတွင်းပေါက်ကွဲ၊ ၁၀၇ဦးသေဆုံး

*တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ် ဟောဂန်ဒေသတွင် နိုဝင်ဘာ ၂၅ရက်က စင်စင်းကျောက်မီးသွေးတွင်း ပေါက်ကွဲသဖြင့် ယင်းပေါက်ကွဲရာသို့ ကယ်ဆယ်ရေးဝန်ထမ်းများ အလျင်အမြန်သွားရောက်ကယ်ဆယ်ကြရသည်။ **(အပေါ်ပုံ)** ထိုကျောက်မီးသွေးတွင်းပေါက်ကွဲမှုကြောင့် သေဆုံးသူ ၁၀၇ဦးဖြစ်ကြောင်း သိရသည်။*

ဘိန်း ကီလိုဂရမ် ၄၀ အလာစကာပြည်နယ်၌ သိမ်းဆည်းရမိ

အမေရိကန်ပြည်ထောင်စု အလာစကာပြည်နယ် အင်ကားရေ့ နိုင်ငံတကာလေဆိပ်၌ ဘိန်း ကီလိုဂရမ် ၄၀ ကျော် သိမ်းဆည်းရမိကြောင်း၊ ပိုင်ရှင်ကို စုံစမ်းနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာ မီဒီယာများက နိုဝင်ဘာ ၂၅ရက်တွင် ဖော်ပြသည်။ အဆိုပါ မူးယစ်ဆေးဝါးများသည် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၆သန်းနီးပါးရှိသည်။

ဘရာဇီးတောင်ပိုင်း၌ မိုးသည်းထန်၍ သေဆုံးသူ ၁၁ဦးရှိ

ဘရာဇီးနိုင်ငံတောင်ပိုင်းတွင် သည်းထန်စွာ ရွာသွန်းသည့်မိုးကြောင့် နောက်ထပ်လူတစ်ဦး ထပ်မံသေဆုံးသွားကြောင်း ဘရာဇီးအာဏာပိုင်များက နိုဝင်ဘာ ၂၅ရက်၌ အတည်ပြု ပြောကြားသည်။ ယခုအခါ ထိုရွာသွန်းသည့်မိုးကြောင့် သေဆုံးသူ ၁၁ဦး အထိရှိသွားပြီ ဖြစ်သည်။

ဥရုဂွေးနိုင်ငံတွင် ရေလျှံ လူ ၄၀၀၀ကျော် ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရ

ဥရုဂွေးနိုင်ငံမြောက်ပိုင်းနှင့်အလယ်ပိုင်းတို့တွင် ရေလွှမ်းမိုးသဖြင့် ဥရုဂွေးပြည်သူအမြောက်အမြားကို ဘေးကင်းရာသို့ ပို့ထားရကြောင်း၊ယင်းကဲ့သို့ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရသူပေါင်း ၄၁၈၆ဦးရှိကြောင်း ဥရုဂွေးအမျိုးသားအရေးပေါ်စနစ် (အက်စ်အင်န်အီး)က နိုဝင်ဘာ ၂၅ရက်၌ ကြေညာသည်။

ဇေယျာရွှေမြေနဲ့ ဥသျှာ နိုင်ပွဲများရ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်

ရန်ကုန် နိုဝင်ဘာ ၂၆

MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲက စလင်းကွင်းနဲ့ ပဒုမ္မာကွင်းတို့တွင် ဆက်လက်ကျင်းပခဲ့ပါတယ်။

စလင်းကွင်း

ဇေယျာရွှေမြေ - တစ်ဂိုး
ရန်ကုန်ယူနိုက်တက် - ဂိုးမရှိ

ရှုံးပွဲမရှိသေးတဲ့ အသင်းနှစ်သင်း တွေ့ဆုံကြတဲ့ပွဲဖြစ်သလို အမှတ်ပေးဇယားထိပ်ပိုင်းနေရာအတွက်လည်း အရေးပါတဲ့ပွဲစဉ်ဖြစ်တာကြောင့် ဇေယျာရွှေမြေရော ရန်ကုန်ယူနိုက်တက်အသင်းပါ အားကုန်ထုတ် ကစားခဲ့တာကြောင့် ပွဲဟာ အပြန်အလှန်ရှိခဲ့ပါတယ်။ ဇေယျာရွှေမြေအသင်းဟာ ပွဲပြီးခါနီးမှာရရှိတဲ့ အနိုင်ဂိုးနဲ့ နိုင်ပွဲဆက်ခဲ့သလို ရန်ကုန်ယူနိုက်တက်အသင်းကတော့ သရေကျမယ့် အနေအထားကနေ ပထမဆုံး ရှုံးပွဲနဲ့ ကြုံတွေ့ခဲ့ပါတယ်။

ဇေယျာရွှေမြေအသင်းဟာ ရတနာပုံနဲ့ပွဲတုန်းက အကောင်းဆုံး ပုံစံရခဲ့တဲ့ နိုင်စိုးဝေ၊ ကျော်ဇင်ဝင်း၊ မျိုးကျော်တို့ တိုက်စစ်အတွဲကို အသုံးပြုခဲ့ပါတယ်။ ပွဲအစပိုင်းမှာ အချိတ်အဆက်လွဲနေပေမယ့် နောက်ပိုင်းမှာတော့ ရန်ကုန်ယူနိုက်တက် ခံစစ်ပိုင်းကို အခက်တွေ့အောင် လုပ်နေပါတယ်။ ဇော်လင်းထွန်း-၂ ဟာ အခုပွဲမှာ ဇေယျာရွှေမြေအသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ ပွဲချိန်တစ်လျှောက်လုံး ရန်ကုန်ခံစစ်ကို ဟန့်တားနိုင်ခဲ့လို့ အမှတ်ပြည့်ရစေမယ့် တစ်လုံးတည်းသော အနိုင်ဂိုးကိုလည်း မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပိုမှာ ပြစ်ဒဏ်ဘောကနေ ကန်သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ရန်ကုန်ယူနိုက်တက်အသင်းဟာ မောင်မောင်မြင့်၊ နိုင်ဦးလွင်၊ အောင်သိုက်၊ ကြည်လင်းတို့နဲ့ လူစုံပါဝင်ခဲ့ပေမယ့် ရတဲ့ဂိုးသွင်းခွင့်တွေကို အသုံးမချနိုင်လို့ ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။

ပဒုမ္မာကွင်း

ဥသျှာယူနိုက်တက် - တစ်ဂိုး
ကမ္ဘောဇ - ဂိုးမရှိ

ဇေယျာရွှေမြေမှ ကျော်ဇင်ဝင်းနှင့် ရန်ကုန်နောက်ခံလူ အောင်သိုက်တို့ အကြိတ်အနယ်။ (မြန်မာ့အလင်း)

ဥသျှာယူနိုက်တက်အသင်းဟာ နိုင်နိုင်လင်း သွင်းယူပေးခဲ့တဲ့ ဂိုးနဲ့ပဲ နှစ်ပွဲဆက် အနိုင်ရရှိခဲ့ပါတယ်။ ကမ္ဘောဇအသင်းကတော့ လေးပွဲဆက် နိုင်ပွဲပျောက်ခဲ့ရပြီး စိုးမြတ်မင်း၊ နေဇော်ထက်၊ စထက်နိုင်ဝင်းတို့နဲ့ အနိုင်ရဖို့ ကြိုးစားခဲ့ပေမယ့် အနိုင်မရခဲ့ပါဘူး။ အကောင်းဆုံးဆုကို ဥသျှာမှ ကျော်သက်ဦးက ရရှိခဲ့ပါတယ်။ ။

(၂၈-၁၁-၂၀၀၉)

ပဒုမ္မာကွင်း

မကွေး - ရတနာပုံ

စလင်းကွင်း

ဒဲလ်တာယူနိုက်တက် - ဥသျှာယူနိုက်တက်။ **(မြန်မာ့အလင်း)**

ပြည်နယ်နှင့်တိုင်း အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု(အေရိုးဗစ်)ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၂၆

၂၀၀၉ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု (အေရိုးဗစ်)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၂၃ရက် မွန်းလွဲ ၂နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပသည်။

အထူးဆု

ဗိုလ်လုပွဲများအဖြစ် အမျိုးသမီး အကြီးတန်းနှင့် အငယ်တန်း ကိုးယောက်တွဲ၊ သုံးယောက်တွဲနှင့် တစ်ဦးချင်းစွမ်းရည်ပြပြိုင်ပွဲများ ယှဉ်ပြိုင်ကြပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကများဖြစ်ကြသည့် ဒေါ်ဝေဝေ၊ ဒေါ်ခင်ဆွေမြင့်၊ ဒေါ်စမ်းစမ်းဝေ၊ ဒေါ်ဝေဝေသင်း၊ ဒေါ်ရွှေသက်၊ ဒေါ်မြင့်မြင့်ဆွေနှင့် ဒေါ်ဥမ္မာလွင်တို့က ပြည်နယ်နှင့်တိုင်းအသင်းများကို အထူးဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက ဒေါ်သက်သက်ဆွေက အမျိုးသမီးအငယ်တန်း ကိုးယောက်တွဲပြိုင်ပွဲတွင် ပထမ ကရင်ပြည်နယ်၊ ဒုတိယ စစ်ကိုင်းတိုင်း၊ ပူးတွဲ တတိယ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် တာဝန်ခံ နာယက ဒေါက်တာ ဒေါ်စန္ဒာအောင်က အမျိုးသမီးအကြီးတန်းကိုးယောက်တွဲပြိုင်ပွဲတွင်ပထမ ကချင်ပြည်နယ်၊ ဒုတိယ ရန်ကုန်တိုင်း၊ တတိယ မကွေးတိုင်း အသင်းတို့အား ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် တာဝန်ခံနာယက ဒေါ်မြသီဂီက အမျိုးသမီးသုံးယောက်တွဲ ပြိုင်ပွဲတွင် ပထမ ကချင်ပြည်နယ်၊ ဒုတိယ မကွေးတိုင်း၊ တတိယ ရန်ကုန်တိုင်းအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် တာဝန်ခံ နာယက ဒေါ်ခင်မာအေးက တစ်ဦးချင်းစွမ်းရည်ပြပြိုင်ပွဲတွင်ပထမ ကချင်ပြည်နယ်မှမဆိုင်းမိုင်၊ ဒုတိယ ရန်ကုန်တိုင်းအသင်းမှ မခင်သဥ္ဇာသိန်းနှင့် တတိယ စစ်ကိုင်းတိုင်းအသင်းမှ မပြည့်ဖြိုးခိုင်တို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို အသီးသီး ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်ဒိုင်းဆု

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေး**(အပေါ်ဝဲပုံ)**က ၂၀၀၉ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု (အေရိုးဗစ်)ပြိုင်ပွဲ၌ ပထမ တံခွန်စိုက်ဒိုင်းဆုရ ကချင်ပြည်နယ်အသင်းအား ဆုငွေကျပ် တစ်သိန်းငါးသောင်းနှင့်အတူ တံခွန်စိုက်ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

(အား/ကာဦးစီး)

ချယ်လ်ဆီး၊ မန်ယူနှင့် ရီးရဲမက်ဒရစ် ချန်ပီယံလိဂ်နောက်တစ်ဆင့်သို့တက်လှမ်း

☆ မြင့်မောင်စိုး ရေးသား၍ တိုးလွင်(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည် ☆

လန်ဒန် နိုဝင်ဘာ ၂၆

ချန်ပီယံလိဂ် အုပ်စုပထမအဆင့် ပြိုင်ပွဲများကို နိုဝင်ဘာ ၂၆ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(က)မှ ပြင်သစ်ကလပ် ဘော်ဒိုးက စီးရီးအေကလပ် ဂျူဗင်းတပ်စ်ကို အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ ဘော်ဒိုးအတွက် အနိုင်ဂိုးများကို မီနက်ဂါနိုနှင့် ချာမတ်တို့က သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။

ဘော်ဒိုးသည် ယင်းပွဲ အနိုင်ရလိုက်ခြင်းကြောင့် ငါးပွဲကစား လေးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရမှတ် ၁၃မှတ်ရရှိကာ အုပ်စုကို ဦးဆောင်နေသည်။ ဂျူဗင်းတပ်စ်က ရမှတ် ရှစ်မှတ်ဖြင့် ဒုတိယနေရာတွင် ရှိနေသည်။

တစ်အုပ်စုတည်းမှ ဘိုင်ယန်မြူးနစ်က အစ္စရေးကလပ် မက္ကာဘီဟိုင်ဖာကို အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်လိုက်သည်။ ဘိုင်ယန်မြူးနစ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို အိုလစ်က ပွဲချိန် ၆၂မိနစ်တွင် သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ သို့သော် ဘိုင်ယန်မြူးနစ်တို့ ငါးပွဲကစားအပြီး ရမှတ် ခုနစ်မှတ်သာ ရသေးသည်။

မန်ယူတိုက်စစ်မှူး မိုက်ကယ်အိုဝင် ဂိုးသွင်းယူရန် ကြိုးပမ်းမှုကို ဘက်ရှီးတပ်စ်ဂိုးသမား ဤသို့ ကာကွယ်ခဲ့သည်။

အုပ်စု(ခ)

အုပ်စု(ခ)မှ ပရီမီယာလိဂ်ချန်ပီယံ မန်ယူက အိမ်ကွင်း၌ ဘက်ရှီးတပ်စ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားသည်။ ယင်းရှုံးပွဲမှာ မန်ယူတို့ ချန်ပီယံလိဂ်တွင် အိမ်ကွင်း ၂၃ပွဲ ရှုံးပွဲမရှိ စံချိန်တင်ထားမှုကို ရပ်တန့်စေခဲ့ခြင်းပင် ဖြစ်သည်။ သို့သော် မန်ယူတို့ ယင်းအုပ်စုတွင် ငါးပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲ သရေ၊ တစ်ပွဲရှုံးဖြင့် ရမှတ် ၁၀မှတ်ရရှိကာ ချန်ပီယံလိဂ် ၁၆သင်း ရှုံးထွက်အဆင့်သို့ ရောက်ရှိလာမည် ဖြစ်သည်။

တစ်အုပ်စုတည်းမှ ရုရှားကလပ် စီအက်စ်ကေအေမော်စကိုက အိမ်ကွင်း၌ ဂျာမနီကလပ် ဝုဖ်ဘတ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ စီအက်စ်ကေအေအတွက် ဂိုးများကို နီဆစ်နှင့် ကရာဆစ်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဝုဖ်ဘတ်အတွက် တစ်လုံးတည်းသော ချေပဂိုးကို ဒီဇီကိုက သွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စု(ဂ)

အုပ်စု(ဂ)မှ စပိန်ကလပ် ရီးရဲမက်ဒရစ်က အိမ်ကွင်း၌ ဆွစ်ဇာလန်ကလပ် အက်ဖ်စီဇူးရစ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ ရီးရဲမက်ဒရစ်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဟီဂွါအင်က ပွဲချိန် ၂၁မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ရီးရဲမက်ဒရစ်တို့ ယင်းအနိုင်ဂိုးကြောင့် ရမှတ် ၁၀မှတ်ဖြင့် အုပ်စုကို ဦးဆောင်နေသည်။

တစ်အုပ်စုတည်းမှ အေစီမီလန်က အိမ်ကွင်း၌ ပြင်သစ်ကလပ် မာဆေးနှင့် တစ်ဖက် တစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့သည်။

အုပ်စု(ဃ)

အုပ်စု(ဃ)တွင် ဆိုက်ပရပ်စ်ကလပ် အေပိုးလ်နှင့် စပိန်ကလပ် အက်သလက်တီကိုတို့ ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက် တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။

တစ်အုပ်စုတည်းမှ အက်ဖ်စီပေါ်တိုနှင့် ချယ်လ်ဆီးတို့ကစားရာတွင် ချယ်လ်ဆီးက အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ ချယ်လ်ဆီးအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို အနယ်လ်ကာက ပွဲချိန် ၆၉မိနစ်တွင် ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းအနိုင်ပွဲကြောင့် ချယ်လ်ဆီးသည် ရမှတ် ၁၃မှတ်ဖြင့် အုပ်စုတွင် ဦးဆောင်နိုင်ပြီး ချန်ပီယံလိဂ် ၁၆သင်း ရှုံးထွက်အဆင့်ပြိုင်ပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။

(အင်တာနက်)

တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ

ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ စတင်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၆

၂၀၀၉ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့တွင် သတ်မှတ်ထားသည့် ဇုန်များ၌ကျင်းပရာ (က)အုပ်စု ရပခဇုန်(တောင်ကြီး)၌ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်အသင်းနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ခ)အသင်းတို့သည် တစ်ဖက်တစ်ဂိုးစီဖြင့် လည်းကောင်း၊ (ခ)အုပ်စု နတခဇုန် (ပုသိမ်)၌ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ် အသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်းက တြိဂံဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန် (တောင်ငူ)၌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် အသင်းက အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီဇင်ဘာလထုတ် မြဝတီမဂ္ဂဇင်းထွက်ပြီ

ရန်ကုန် နိုဝင်ဘာ ၂၆

မြဝတီမဂ္ဂဇင်း အတွဲ (၅၈)၊ အမှတ် (၂) ထွက်ရှိလို့လာပါပြီ။ မြဝတီမဂ္ဂဇင်းတွင် မြင်းမူမောင်နိုင်မိုး၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ မောင်ဟေမာ၊ မောင်ယဉ်နွယ်၊ အောင်မြင့်မိုး၊ ဇာနည်၊ တိုးဝေ၊ ဘုန်းမောင်ဝင်း (ဖျာပုံ)တို့၏ ကဗျာများ၊ ကာတွန်းငွေကြည်၊ တင်အောင်နီ၊ မြေဇာ၊ ရွှေရိုး၊ လွမ်းမောင် (သုဝဏ္ဏ)တို့၏ ကာတွန်းလက်ရာများအပါအဝင် ရှင်ဉာဏ (ဖျာပုံ)၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ ချစ်စံဝင်း၊ ဗိုလ်ကလေးတင့်အောင်၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာခင်မောင်လွင် (FAME)၊ တင်အောင် (စက်မှုတက္ကသိုလ်)၊ မောင်ခင်မင်(ဓနုဖြူ)၊ လှမြင့်(ရန်ကုန်တက္ကသိုလ်)၊ မင်းယုဝေ၊ မောင်စူးစမ်း၊ ညိုညို၊ မြင့်ကို(မကွေး)၊ ရဲမြင့်သိန်း(မွန်မြတ်စေတနာ)၊ ကိုခန့် (သုတေသန)၊ စိုးဝင်း (မြစ်ခြေ)၊ စံ-ဇာဏီဘို၊ မျိုးမင်း၊ ဂွမ်းဖြူဇင်၊ HPA၊ ကျော်ဇေယှိန်း (ဒေါပုံ)၊ မောင်တို့၏ သုတရသ စုံလင်သည့်ဆောင်းပါးတို့ကို ဖတ်ရှုကြရမည်ဖြစ်ပြီး နိုင်ဇော်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မျိုးမြင့်အောင်၊ ဒေါက်တာခင်မောင်ညို၊ ရေနံ့သာ မောင်ကျော်ညွှန့်၊ ခြင်ကျား(မအူပင်)၊ တင်လင်းဇော်၊ ဘနှင်း (မြန်မာပြန်)တို့၏ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်သန်စေမှုရသ၊ ကျေးလက်သဘာဝရသများအပြင် မေတ္တာဖွဲ့ရသများပါဝင်သည့် ဝတ္ထုများကို ဖတ်ရှုကြရမည်ဖြစ်သည်။

မြဝတီမဂ္ဂဇင်းကို အမှတ် (၁၈၁) ၃၂လမ်းအထက် ရန်ကုန်မြို့ ဖုန်း- ၃၇၁၂၄၄နှင့် အမှတ် ၁၅ တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃တို့သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၀ခုနှစ် နေ့စဉ်မှတ်တမ်းစာအုပ် ဖြန့်ချိ

နေပြည်တော် နိုဝင်ဘာ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ၂၀၁၀ ခုနှစ် နေ့စဉ်မှတ်တမ်းစာအုပ်ကို ဖြန့်ချိရောင်းချနေပြီ ဖြစ်သည်။

အဆိုပါ စာအုပ်တွင် ၂၀၀၉/၂၀၁၀ ပြက္ခဒိန်ဇယား၊ အရေးကြီး တယ်လီဖုန်းနံပါတ်များ၊ (နယ်အဝေး) မြို့များ၏ တယ်လီဖုန်းသင်္ကေတနံပါတ်များ၊ မက်ထရစ်စနစ် ပြောင်းလဲမှုဇယား၊ နေပြည်တော်မှ နယ်မြို့များသို့ ကားလမ်း/ မီးရထားလမ်း ခရီးစဉ်များပါရှိပြီး စာအုပ်ကို စက္ကူဖြူချောဖြင့် သေသပ်လှပစွာ ရိုက်နှိပ်ထားသည်။

ဝယ်ယူနိုင်

၂၀၁၀ခုနှစ် နေ့စဉ်မှတ်တမ်းစာအုပ်ကို တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂ ၈၂၅၊ ၆၂၈၃၁၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် အမှတ် ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၄၃၀၆၊ အင်းဝစာအုပ်ဆိုင် အမှတ် ၂၃၂ ဆူးလေဘုရားလမ်း ရန်ကုန်မြို့နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျော့ဖုံးမှ*

စစ်ကိုင်းတိုင်းအတွင်း ဖြတ်သန်းစီးဆင်းနေသည့် ချင်းတွင်းမြစ်ကြောင့် အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းများမှာ နီးလျက်နှင့်ဝေးနေရကာ အပြန်အလှန်ဆက်သွယ်သွားလာမှု အခက်အခဲ ကြုံခဲ့ကြရသည်။ ထိုသို့သော အခက်အခဲများမှာ ၂၀၀၃ခုနှစ် ဧပြီ ၇ရက်က ဖွင့်လှစ်ပေးခဲ့သည့် ချင်းတွင်းတံတား (မုံရွာ)ကြောင့် အစစ အရာရာ အဆင်ပြေချောမွေ့သွားခဲ့ပေပြီ။

အဓိကကျ

ချင်းတွင်းတံတား(မုံရွာ)မှာ မုံရွာ-ယာကြီး-ကလေးဝလမ်းမကြီးပေါ်တွင် အဓိကကျသော တံတားတစ်စင်းလည်း ဖြစ်သည်။ ပင်မတံတားမှာ ၂၇၄၅ဒသမ ၆ပေရှိကာ ချဉ်းကပ်တံတားနှစ်ဖက်မှာ ၁၉၈၄ဒသမ ၆ပေရှိသည်။ စုစုပေါင်း တံတားအရှည်မှာ ၄၇၃၀ဒသမ ၂ပေဖြစ်ကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ဖြစ်သည်။

အထောက်အကူပြု

ချင်းတွင်းတံတား(မုံရွာ)ဖွင့်လှစ်လိုက်သည့်အတွက် မုံရွာမှ ကလေးဝ-ကလေး-တမူးကိုဖြစ်စေ၊ ကလေး-ဟားခါး၊ ကလေး-တီးတိန်ကိုဖြစ်စေ သွက်လက်မြန်ဆန်အချိန်တိုအတွင်း သွားလာနိုင်သည့်အပြင် အိမ်နီးချင်းနိုင်ငံနှင့် ဆက်နွှယ်သည့် နယ်စပ်ကုန်သွယ်ရေးဖွံ့ဖြိုးမှုကိုလည်း များစွာအထောက်အကူပြုနေပြီဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

✻ *ကျော့ဖုံးမှ*

သို့သော် သက်ကြီးရွယ်အိုများ၏ ခြေလှမ်းနှင့် ကင်ဆာရောဂါဖြင့် သေဆုံးမှုတို့မှာမူ ဆက်စပ်မှုမရှိဟု ဆိုသည်။

အကြံပြု

ဖြည်းဖြည်းလျှောက်လှမ်းခြင်းမှာ နှလုံးရောဂါဖြင့် သေဆုံးမည့်နိမိတ်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ကောက်ချက်ချသည်။ ကျန်းမာရေးအတွက် လမ်းလျှောက်သည်ဆိုသော်ငြားလည်း သက်ကြီးရွယ်အိုများအတွက်မူ ၎င်းတို့၏ ကျန်းမာကြံ့ခိုင်မှုကို ချိန်ဆ၍ လုပ်ဆောင်သင့်သည်ဟု အကြံပြုထားသည်။

သင့်သွေးဖြင့် အသက်ကယ်ပါ

အထက(သုဝဏ္ဏ) မြတ်ဆရာပူဇော်ပွဲ

ပထမအကြိမ် အလှူငွေ ပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အထက(သုဝဏ္ဏ) အငြိမ်းစား ဆရာဆရာမများ လူမှုရေးထောက်ပံ့မှုကော်မတီက ကြီးမှူး၍ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၀ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၂ရက် နံနက် ၁၀နာရီက ကျောင်းရှိ ကွန်ပျူတာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြနှင့် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုးတို့က အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ ကျင်းပရေးကော်မတီဝင်များ၊ အလှူရှင်များနှင့် ကျောင်းသားဟောင်းများစုပေါင်း၍ ငွေကျပ် ၁၅ သိန်း လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ **(အောက်ယာပုံ)**

နှိုးဆော်

ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၇ရက်တွင် ကျင်းပမည်ဖြစ်ရာ ၁၉၆၅-၂၀၀၉ ခုနှစ်အထိ နှစ်အလိုက် ကျောင်းသားဟောင်းများအားလုံး အလှူငွေများကို ဦးအောင်ကျော်မြ (ကျောင်းအုပ်ကြီး) ဖုန်း ၀၁-၅၆၃၆၆၇၊ ဦးလှတင် ဖုန်း ၀၉-၅၀၅၀၅၁၆၊ ဦးမြင့်စိုး (ဥက္ကဋ္ဌ) ဖုန်း ၀၉-၅၁၂၄၀၀၆၊ ဦးဥက္ကာအေး ဖုန်း ၀၉-၅၁၄၄၀၂၃၊ ဦးစိုးပိုင် ဖုန်း ၀၁-၅၇၀၄၄၀၊ ၀၉-၅၁၅၂၆၆၀၊ ဦးအေးမြင့် ဖုန်း ၀၉-၅၀၅၇၈၄၄၊ ဒေါ်သင်းသင်းနိုင် ဖုန်း ၀၉-၅၁၅၆၀၃၈၊ ဗိုလ်မှူးအောင်မြတ် (ငြိမ်း) ဖုန်း ၀၁-၅၆၃၈၂၅၊ ဒေါ်တင်တင်သန်း ဖုန်း ၀၉-၅၁၅၃၃၈နှင့် ဦးသက်မော် ဖုန်း ၀၁-၃၉၁၁၈၆ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်

နေပြည်တော် နိုဝင်ဘာ ၂၆

နိုဝင်ဘာ ၂၆ရက် မွန်းလွဲ ၁၃နာရီ ၅၉မိနစ် ၀၉စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်-အရှေ့မြောက်ဘက် မိုင် ၁၉၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ဒသမ ၈အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

နေပြည်တော်တွင် နိုင်ငံတကာ အဆင့်မီ ဟိုတယ်ကြီး တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းကြောင့် ပြည်တွင်းပြည်ပ ခရီးသွားများအတွက် အေးမြသာယာသော ရာသီဥတုနှင့် ရှုခင်းအလှများ ကြည့်ရှုခံစားရင်း အပန်းဖြေစခန်း ဟိုတယ်ကြီး တစ်ခုအဖြစ် မကြာမီ လာရောက်အပန်းဖြေ အနားယူနိုင်ပြီ။

❐ *ရွှေဖုံးမှ*

ဤသို့ အကောင်အထည်ဖော်နိုင်ခဲ့မှုကြောင့် ယခုအခါ ဌာနဆိုင်ရာ အဆောက်အအုံများ၊ နေအိမ်တိုက်တာများ၊ လမ်းမကြီးများ၊ ဈေးကြီးများ လှပသပ်ရပ်စွာဖြင့် နေပြည်တော်တစ်ခွင် တိုးတက်သစ်လွင်သော မြင်ကွင်းသစ်များ နေရာအနှံ့ မြင်တွေ့နေရပြီ ဖြစ်သည်။

တည်ဆောက်

တစ်ချိန်တည်းမှာပင် နေပြည်တော်၏ အလှကို တိုးစေမည့် ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ဒက္ခိဏသီရိ၊ ဇေယျာသီရိ အစရှိသော မြို့သစ်များကိုလည်း အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။ ထို့အပြင် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၊ ရေပန်းဥယျာဉ်၊ ပရဆေးဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တို့ကိုလည်း တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် နေပြည်တော်၏အလှကို တိုးစေခဲ့သည်။

ယခုတစ်ဖန်လည်း အထူးစီမံကိန်း၏ ညွှန်ပြမှုဖြင့် နိုင်ငံတကာအဆင့်မီ Mount Pleasant Hotel ကြီးကိုလည်း တည်ဆောက်နေပြီဖြစ်၍ မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်သည်။

အရသာ

ထို့ကြောင့်ပင် မြန်မာ့အလင်း သတင်းအဖွဲ့သည် ဥတ္တရသီရိမြို့အနီး ဖိုးဇောင်တောင်တန်းပေါ်ရှိ အဆိုပါ ဟိုတယ်ကြီးသို့ သွားရောက်လေ့လာခဲ့ကြသည်။ ဖိုးဇောင်တောင်ထိပ်သို့ ရောက်သည်ဆိုလျှင်ပင် ရုတ်တရက် အပူရှိန်မှာ လျော့ကျသွားပြီး အေးမြသောအရသာကို ခံစားလိုက်ရသည်။

အဓိကအဆောက်အအုံ

ဟိုတယ်အဓိက အဆောက်အအုံဖြစ်သည့် Viewing Tower မှ အရပ်ရှစ်မျက်နှာသို့ တစေ့တစောင်း အကဲခတ်ကြည့်လိုက်ရာ အလွန်သာယာသော ရှုခင်းများကို ရှုမျှော်မဆုံး တွေ့လိုက်ရသည်။ ဟိုတယ်၏ အရှေ့ဘက်သို့ ရှုမျှော်ကြည့်လိုက်သည်ဆိုလျှင်ပင် ရေဆင်းဆည်၊ ဥတ္တရသီရိမြို့၊ ပုဗ္ဗသီရိမြို့တို့ကို တွေ့ရသည်။ တောင်ဘက်တွင် ရွှေရောင်တဝင်းဝင်းနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကိုလည်း ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။ အနောက်ဘက်သို့ ရှုမျှော်လိုက်စဉ်မှာတော့ ရေတဖွေးဖွေးနှင့် ချောင်းမကြီးဆည်၊ ဗိသုကာလက်ရာမြောက်စွာ တည်ဆောက်ထားသော ပြည်သူ့လွှတ်တော်၊ ငလိုက်ဆည်၏အလှ၊ သာမောဖွယ်ရာ ပဲခူးရိုးမ၏ တောင်ပြာတန်း၊ နေဝင်ဆည်းဆာအလှတို့ကို တဝကြီးမြင်တွေ့လိုက်ရသည်။

တွေ့ဆုံ

မြန်မာ့အလင်း သတင်းအဖွဲ့သည် အဆိုပါ Mount Pleasant Hotel ကြီးကို တာဝန်ယူတည်ဆောက်နေသည့် G-4 အုပ်စု ကုမ္ပဏီမှ တာဝန်ရှိသူ ဒါရိုက်တာ ဦးရန်ဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

"ကျွန်တော်တို့ ဒီ Mount Pleasant Hotel ကြီးကို ၂၀၀၉ခုနှစ် မေ

"ဒီဟိုတယ်ကြီးမှ နေပြည်တော်ရဲ့ အလှအပ မြင်ကွင်းတွေကို တွေ့မြင်နိုင်ပါတယ်"

ဦးရန်ဝင်း
G .4 အုပ်စု ကုမ္ပဏီဒါရိုက်တာ

၂၈ရက်ကစပြီး ဆောက်လုပ်ခဲ့ပါတယ်။ ဟိုတယ်ရဲ့မြေဧရိယာ အကျယ်အဝန်း ၂၅ဧကရှိပါတယ်။ အဓိကအဆောက်အအုံကတော့ Viewing Tower ဖြစ်ပြီး သုံးထပ်အဆောက်အအုံကြီးပါ။ ဒါ့အပြင် Reception Hall နိုင်ငံတကာ အစည်းအဝေးများ ကျင်းပနိုင်တဲ့ အစည်းအဝေးခန်းမလည်း ပါမှာဖြစ်ပါတယ်။ တည်ဆောက်ရေး ပထမအဆင့်အနေနဲ့ ဘန်ဂလို ၁၀လုံးကို ဒီဇင်ဘာလဆန်းမှာ ဖွင့်မှာဖြစ်ပါတယ်။ ကျန်တဲ့ဘန်ဂလို ၁၉ လုံးကိုတော့ ၂၀၁၀ခုနှစ် မတ်လမှာ ဖွင့်ဖို့ရှိပါတယ်။ အားလုံးပြီးစီးသွားရင်တော့ အိပ်ခန်းပေါင်း ၇၀ရှိမှာဖြစ်ပါတယ်။ ဟိုတယ် စတင်ဖွင့်လှစ်တဲ့ အထိမ်းအမှတ်အဖြစ် ခြောက်လအတွင်းမှာ လာရောက်တည်းခို အပန်းဖြေသူတွေကို သတ်မှတ်ဈေးနှုန်းထက် ၄၀ရာခိုင်နှုန်း လျှော့ပေးသွားမှာ ဖြစ်ပါတယ်" ဟု G-4 အုပ်စုကုမ္ပဏီ ဒါရိုက်တာဦးရန်ဝင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထူးခြားချက်

"ကျွန်တော်တို့ ဒီဟိုတယ်ရဲ့ထူးခြားချက်ကတော့ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၆၀၀ကျော်မှာ ရှိနေတာကြောင့် မြေပြင်ထက် ၅ဒီဂရီစင်တီဂရိတ်လောက် ပိုအေးပါတယ်။ ဒီတောင်ပေါ်ရဲ့ ရာသီဥတုဟာ ပြင်ဦးလွင်ရဲ့ ရာသီဥတုနဲ့ တူပါတယ်။ အေးမြပါတယ်။ ဒါကြောင့်လည်း ဒီဟိုတယ်ကြီးကို Mount Pleasant Hotel ဆိုပြီး အမည်ပေးခဲ့တာပါ။ အေးမြသာယာပြီး နေပြည်တော်ရဲ့ တိုးတက်ပြောင်းလဲနေတဲ့ မြင်ကွင်းတွေကို ကြည့်ရှုနိုင်တဲ့ နေရာဖြစ်ပါတယ်" ဟု G-4 အုပ်စုကုမ္ပဏီတွင် တစ်ခုအပါအဝင်ဖြစ်သော အော်ရီဂျင်နယ်ဂရု(ပ်)မှ ဦးဇော်လင်းအေးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ပတ်ဝန်းကျင်

အဆိုပါ ဟိုတယ်ဝန်းကျင်တွင် လာရောက်အပန်းဖြေ အနားယူသူများ တောင်ပေါ်အငွေ့အသက်ကို ခံစားနိုင်ရန်အတွက် တောင်ပတ်လမ်းများ၊ တောင်ပေါ်လျှောက်လမ်းများ၊ ကလေးကစားကွင်းများ တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းဟိုတယ်ကြီးတွင် အထူးသဖြင့် တရုတ်အစားအစာများနှင့် ထိုင်းအစားအစာများ ရရှိနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

အပန်းဖြေနိုင်မည်

သို့ဖြစ်ပေရာ နေပြည်တော်တွင် နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီး တည်ဆောက် ဖွင့်လှစ်နိုင်ခြင်းကြောင့် ပြည်တွင်းပြည်ပ ခရီးသွားများအတွက် အေးမြသာယာသော ရာသီဥတုနှင့် ရှုခင်းအလှများ ကြည့်ရှုခံစားရင်း အပန်းဖြေစခန်း ဟိုတယ်ကြီးတစ်ခုအဖြစ် မကြာမီ လာရောက်အပန်းဖြေ အနားယူနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

နေပြည်တော်ဝန်းကျင်နှင့် သစ်လွင်သော ဟိုတယ်၏ အလှမြင်ကွင်းအဖုံဖုံ

ဗိသုကာလက်ရာမြောက်စွာ ထုဆစ် ဆောက် လုပ်ထားသည့် **Mount Pleasant Hotel** ရှေ့မျက်နှာစာ မြင် ကွင်း အလှ····။

Mount Pleasant Hotel ရှိ လုံးချင်းဘန်ဂလိုများ တည်ဆောက်ထားသည်မှာ နေချင့်စဖွယ် · · · · ။

ဘန်ဂလိုတစ်လုံးကလည်း ဤသို့ သပ်သပ်ရပ်ရပ် ဝင့်ဝင့်ထည်ထည် · · · · ။

နေပြည်တော် ဥတ္တရသီရိမြို့အနီး ဖိုးဇောင်တောင်ရှိ **Mount Pleasant Hotel** နှင့် လမ်းအတက်အဆင်း အခင်းအကျင်း····။

အစည်းအဝေးများကျင်းပနိုင်မည့် ခန်းမဆောင်ကို ဤသို့ ခံ့ခံ့ထည်ထည် တည်ဆောက်ထားသည်။

ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)

ဖြစ်ခြင်းတို့အမှန် အချိန်လည်းတန်ခဲ့ပြီ

ဧရာဝတီ၏အစ မေခနှင့်မလိခပေါင်းဆုံရာ အရပ်ဆီသို့ စိတ်ကူးနှင့် ရောက်ကြည့်မိသည်။ ထိုအရပ်ဆီမှ ရေကြည်ရေသန့်တို့ကား တသွင်သွင်စီးဆင်းလျက် မြေပြန့်လွင်ပြင်ဆီသို့ အပြေးအလွှား အရောက်သွားကုန်ကြပေပြီ။ မည်သူတွေ မည်သည့်အရာတွေက မည်သို့တားဆီးနိုင်အံ့နည်း။ ထိုစီးဆင်းရာလမ်းတစ်လျှောက်တွင် ကြုံရဆုံရသမျှ မြစ်တို့၊ ချောင်းတို့သည်လည်း ဧရာဝတီဟုခေါ်တွင်မည့် ရေအလျဉ်ကြီးထဲသို့ စုပေါင်းစီးဝင်ကြကုန်ရာ အင်အားသစ်တို့ ပေါက်ဖွားကြီးထွားလာရပြန်သည်။ ဤသို့ပေါင်းဆုံကြစေဖို့ မည်သည့်အရာကမျှ တွန်းအားမပြု၊ သဘာဝအခြေအနေတစ်ခုတွင် ဖြစ်တည်လာရခြင်းသာ။

ထိုနည်းတူ သံလွင်သည်လည်းကောင်း၊ စစ်တောင်းသည်လည်းကောင်း၊ ချင်းတွင်းသည်လည်းကောင်း၊ လေးမြို့မြစ်နှင့်ကုလားတန်မြစ်တို့သည်လည်းကောင်း လမ်းကြောင်းအသီးသီးမှ စီးဆင်းလာကြသော်လည်း အိန္ဒိယသမုဒ္ဒရာနှင့် သူနှင့်ဆက်စပ်ရာ ဘင်္ဂလားပင်လယ်အော်အတွင်း စုပေါင်းသက်ဆင်းကြတော့သည်။ ထိုလမ်းကြောင်းကို မည်သူကမျှ ပြောင်းလဲစေခြင်းငှာ မစွမ်းသာနိုင်။ မှတ်သုံးရာသီရောက်ချိန်တွင်လည်း မည်သည့်အရပ်ကမိုးကိုမျှ မျှော်ဖို့ရာမရှိ။ အိန္ဒိယသမုဒ္ဒရာနှင့် ဘင်္ဂလားပင်လယ်အော်မှ ခရီးဆန့်လာသည့် တိမ်စိုင်တို့က စုရုံးထကြွသယ်မယူဆောင်လာသော မိုးစက်မိုးငွေ့တို့ကိုသာ လက်ခံကြရသည့်သာတည်း။ တစ်မိုးအောက်တွင် တစ်ရေတည်းသောက်ကြသူများ စုရုံးပေါင်းစည်းကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို မည်သူမျှ ခြေမွဖျက်ဆီးခြင်းငှာ မစွမ်းသာလောက်အောင် တည်ရှိမှုသက်သေက ခိုင်မာလှပေသည်။

ဤဖြစ်ခြင်းအမှန်တရားကို သက်သေထားလျက် သံသယရက်များကို သင်ပုန်းချေ ကျော်ဖြတ်နိုင်သူတို့ကား သမိုင်းစာမျက်နှာတို့ကို ရွှေရောင်ခြယ်မှုန်း အလှဆုံးဖြစ်စေခဲ့ပေပြီ။ နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် သူတင်ကိုယ်တင်ပါဝင်ဆောင်ရွက်ကြမည်ဟု နိုင်ငံ့သစ္စာကို ရင်မှာပြုကာဖြင့် မိမိတို့၏ အမှောင်လွှမ်းသောလက်နက်များကို ပြည်သူ့မေတ္တာဖြင့် လင်းရောင်သန်းစေကာ နိုင်ငံတော်၏နယ်နိမိတ်ကို တစ်စိတ်ကလေးမျှ မပွန်းပဲ့စေရအောင် ကာကွယ်စောင့်ရှောက်မည့် နယ်ခြားစောင့်တပ်အဖြစ် အသွင်ကူးပြောင်းခဲ့ကြသော ကချင်ပြည်နယ် အထူးဒေသ(၁) NDAK အဖွဲ့နှင့် ကယားပြည်နယ် အထူးဒေသ(၂) (ကလလတ)အဖွဲ့တို့ကား ၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၈ရက်နေ့ကပင် သမိုင်းပန်းချီကားကို ဆေးသားအသစ်တင်ခဲ့ကြပြီဖြစ်သည်။

သူတို့သည် နိုင်ငံတော်အလံရှေ့ကိုအဖြတ် ခိုင်ကျည်သော စိတ်ဓာတ်ဖြင့် ရင်မှာမာန်တင်းရင်း တစ်ဦးချင်း လက်ကိုဆန့်တန်းလျက် အလံကိုထိကာ သစ္စာပြုခဲ့ကြပေပြီ။ "ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏" ဟူသော တပ်မတော်သားတစ်ယောက်၏ မွန်မြတ်လေးနက်လှသော သစ္စာဓိဋ္ဌာန်မှ စတုတ္ထမြောက်စာသားက လေးနက်လှပေရာ သူတို့ကိုမဆိုထားဘိ၊ ဘေးကနားထောင်ရသူပင် ကြက်သီးဖြန်းဖြန်းထအောင် ဖြစ်ရတော့သည်။ မိမိကိုယ်ကျိုးမပါ၊ နိုင်ငံတော်အတွက်၊ နိုင်ငံသားတို့အတွက် ထိုနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်မည့် တပ်မတော်ကြီးအတွက် မိမိအသက်ကို စွန့်လွှတ်ပါမည်ဟု ရင်ထဲမှ လှိုက်လှဲစွာဖြင့် သံကုန်ဟစ်ကြပေရာ ပွဲလာပရိသတ်များမဆိုထားဘိ၊ နံဘေးတောင်ကမ်းပါးယံမှ သစ်ပင်သစ်ခက်များပင် အံ့သြချီးမွမ်း လှုပ်ယမ်းပြကြရတော့သည်။ ဤမွန်မြတ်လှသော သစ္စာပြုချက်ကို အဘယ်ယောကျ်ားသားတိုင်းက ပြုရဲကြအံ့နည်း။ ပြုရဲသည်ဆိုဦးတော့၊ အဘယ်သို့သော ပုဂ္ဂိုလ်တို့က လမ်းကြောင်းမှန်ပေါ်ရပ်တည်လျက် ဆိုရဲအံ့နည်း။ စစ်ရေးပြကွင်းအတွင်းမှ နယ်ခြားစောင့်တပ်ဖွဲ့ဝင် ပုဂ္ဂိုလ်တို့ကား ဝင့်ကြွားသောမျက်နှာ၊ ခိုင်မာသောဆုံးဖြတ်ချက်တို့ဖြင့် ထိုကဲ့သို့သော ယောကျ်ားဇာနည်များအဖြစ် တင့်တယ် ခံ့ညားလှတော့သည်။

တစ်ချိန်ကတော့ သူတို့သည် တပ်မတော်ဝတ်စုံတို့ကို မုန်းတီးခဲ့ကြပေမည်။ ဤဝတ်စုံဝတ်ဆင်သူတို့နှင့် အပြန်အလှန်တိုက်ခိုက်ခဲ့ဖူးကြပေမည်။ သို့စေကာမူ ပြည်ထောင်စုစိတ်ဓာတ်၏ ကြီးမားလှသော လှိုင်းဂယက်က လက်တွဲချီတက်နိုင်မည့် လမ်းကြောင်းပေါ်သို့ သူတို့ကို တွန်းတင်ပေးခဲ့သည်။ ပထမဆင့်တွင် ငြိမ်းချမ်းရေးရယူနိုင်ခဲ့ကြသည်။ ဒေသဖွံ့ဖြိုးအောင် ပူးပေါင်းဆောင်ရွက်ကြသည်။ ဤသို့အားဖြင့် တစ်စထက်တစ်စ နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကို သိမြင်လာခဲ့ရာမှ ယခုလို နိုင်ငံတော်၏ တစုတစည်းတည်းသော ကွပ်ကဲမှုအောက်တွင် နယ်ခြားစောင့်တပ်အဖြစ် ဝမ်းမြောက်ဝမ်းသာ တာဝန်ထမ်းရန် ဆုံးဖြတ်နိုင်ခဲ့ကြတော့သည်။ ဤဝတ်စုံတို့ကို ခံ့ခံ့မင်မင် ဝတ်ခဲ့ကြတော့သည်။ အလွန်အံ့သြရလောက်သော စည်းလုံးမှုဖြစ်စဉ်ကား မြင်ရသူတို့ဘဝင်နှလုံးကို တသိမ့်သိမ့်တုန်ရလောက်အောင်ပင် ဖြစ်ထွန်းခဲ့တော့သည်။

အချို့သောအဖွဲ့များကတော့ ပြင်ဆင်နေဆဲရှိကြသည်။ ဤသို့သောကာလတွင် ထုတ်လွှင့်နေကျ လေပုပ်ထုတ် အသံလွှင့်ဌာနများက သွေးထိုးသပ်လျှို၍ နဝေတိမ်တောင်ဖြစ်အောင် ဘေးတီးပေးကြသည်။ နယ်ခြားစောင့်တပ် ဖွဲ့စည်းမှုတို့ကို ပျက်ပြားစေဖို့ သွေးထိုးလှုံ့ဆော်ကြသည်။ ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းများအတွင်းတွင်လည်း သဘောထားခံယူချက်တို့က အမျိုးမျိုး ကွဲပြားနိုင်ကြပေရာ လေပုပ်ထုတ်သူတို့က အဆိုးမြင်သူ များပြားလာအောင် ပံ့ပိုးပါဝင်ကြသည်။ အဆိုးမြင်စကားတို့ကိုသာ ထုတ်လွှင့်ကြသည်။ စစ်ပွဲများဖြစ်မှ၊ သွေးထွက်သံယိုဖြစ်ကြမှ၊ ကွဲကြပြဲကြမှ သူတို့လိုချင်သော သတင်းမျိုးရမည်၊ လစာရနိုင်မည်ဖြစ်ရကား ငြိမ်းချမ်းချစ်ကြည်မှုကို သူတို့မကြားချင်။ ထိုအသံလွှင့်ဌာနများမှ ပုဂ္ဂိုလ်တို့ကား သတင်းဖြစ်ဖို့၊ နာမည်ကြီးဖို့သာဆိုလျှင် အမှန်ကိုအမှား၊ အဖြူကိုအမည်းဖြစ်အောင် လုပ်ကြံ၊ ပုံကြီးချဲ့ သတင်းထုတ်ပြန်မည့်သူများသာဖြစ်ကြောင်း သိဖို့တော့ကောင်းပေမည်။

လှိုင်ဘွား (ပါရမီ)

စတုရန်းမိုင်ပေါင်း ၂၆၀၀၀၀ကျော်ကျယ်ဝန်းသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်းမြေပိုင်းထိစပ်မှု ၁၃၅၈မိုင်ခန့်ကို တရားမျှတစွာ ကာကွယ်ရန်အတွက် အင်အားတောင့်တင်းခိုင်မာသော အင်အားစုတို့ လိုအပ်ပေသည်။ မိမိတို့နိုင်ငံသာမက အတိုင်းတိုင်း အပြည်ပြည်တွင်လည်း နယ်ခြားစောင့်တပ်၊ နယ်စပ်ကာကွယ်ရေးတပ်ဖွဲ့တို့ ရှိကြပေသည်။ အိမ်နီးချင်း အိန္ဒိယနိုင်ငံတွင် Border Security Force (BSF)၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် Border Guard Bangladesh(BGB)၊ ပါကစ္စတန်နိုင်ငံတွင် Frontier Corps(FC)၊ ထိုင်းနိုင်ငံတွင် BPP၊ တရုတ်နိုင်ငံတွင် PAP စသည်ဖြင့် အသီးသီးရှိကြပေသည်။ ထိုထိုသော တပ်ဖွဲ့အားလုံးသည်လည်း သူတစ်လူငါတစ်မင်းမဟုတ်မူဘဲ သူတို့နိုင်ငံတော်၏ တစ်ခုတည်းသော လက်နက်ကိုင်အဖွဲ့အစည်း၏ ကွပ်ကဲမှုအောက်တွင် ရှိကြရသည်ကို တွေ့နိုင်ပေသည်။

သို့ဖြစ်ရာ ဤဖြစ်စဉ်တစ်ရပ်လုံးတွင် မည်သည့်အရာကိုမျှ ဆန်းပြားသည်၊ နိမ့်ပါးသည်ဟု ဆိုဖွယ်ရာမရှိ။ ရိုးစင်းလွန်းလှသည်။ နိုင်ငံတိုင်းက သူ့နည်းသူ့ဟန်ဖြင့် ဆောင်ရွက်နေပေရာ မိမိတို့နိုင်ငံက ထိုသို့ဆောင်ရွက်သည့်ကိစ္စကျမှ ပျက်ပြားစေလိုသော သဘောထားများကား မည်သည်ကိုရည်ရွယ်ကြောင်း ရှင်းလင်းစွာတွေ့မြင်နိုင်ပေသည်။ အချို့က မိမိတို့နိုင်ငံ၏ နယ်စပ်ဒေသတွင် မရိုးမသား စီးပွားရှာလိုကြသည်။ နိုင်ငံတော်နှင့် တရားဝင်ကူးသန်းဆက်သွယ်ပါက မျှတသော ဈေးနှုန်းစကား ဆိုရမည်။ နိုင်ငံတော်၏ ထိန်းချုပ်နိုင်မှု လျော့နည်းပါက၊ တရားမဝင်လက်နက်ကိုင်အဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ရပါက အချိုအချောင်ရနိုင်မည်ဟု ယူဆကြသည်။ အချို့ကတော့ တစ်ချိန်တုန်းကလို ဥပဒေမဲ့ ထင်ရာစိုင်းချင်ရကား ထိုလက်နက်ကိုင်တပ်ဖွဲ့များနှင့် တပ်မတော် တစ်သွေးတည်း တစ်သားတည်းဖြစ်သွားမည်ကို စိုးရိမ်ကြသဖြင့်လည်းကောင်း၊ အချို့က နိုင်ငံတော်ကို အင်အား

သံသယမီးပွားတို့ကား တဖြည်းဖြည်း ငြိမ်းအေးခဲ့ရာမှ တစ်ချိန်တွင် အပြီးတိုင် ချုပ်ငြိမ်းပျောက်ကွယ်ရမည်သာတည်း။ မူလက ဒေသခံအနည်းစုကသာ အသိအမှတ်ပြုခဲ့သော လက်နက်ကိုင်တပ်ဖွဲ့ဝင်များအဖြစ်မှ တစ်နိုင်ငံလုံးက လေးစားအသိအမှတ်ပြုခံရသော၊ မှတ်တမ်းဝင်သော နယ်ခြားစောင့်တပ်ဖွဲ့ဝင်များဖြစ်ခဲ့ကြပေပြီ။ နိုင်ငံအနှံ့ မည်သည့်ဒေသကိုသွားသွား နိုင်ငံတော်၏ တပ်မတော်သားများသာတည်း။ ကချင်နှင့် ကယားပြည်နယ်မှ ပြည်သူတို့ကသာမက နိုင်ငံတစ်ဝန်းလုံးမှ ပြည်သူတို့ကလည်း နိုင်ငံတော်၏ နယ်နိမိတ်ကို စောင့်ရှောက်ပေးနေသူ မှတ်တမ်းဝင်တပ်မတော်သားတို့အဖြစ် သူတို့ကို အသိအမှတ်ပြုခဲ့ကြပေပြီ။

ပြုန်းတီးချည့်နဲ့စေလိုခြင်းကြောင့်လည်းကော
တို့ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ
ဝေဝါးနေသူတို့ကို "နယ်ခြားစောင့်တပ်
မည်ပုံဖြစ်မည်" ဟု သွေးခွဲစကားဆိုကြ
သမားယောင်ယောင် အချောင်သမားတို့
တည်ငြိမ်သွားပါက ပြည်ပမှရရှိနေသည့် အ
များအတွက် ထောက်ပံ့ငွေများ ရပ်ဆိုင်းသ
မြိုးမြိုးမြက်မြက်ရနေသည်လေးများ ဆုံးပ
သည်။ အချို့က တည့်တည့်ပြောသည်။ အ
အပြောခက်သဖြင့် ဆိုခဲ့ပြီးသော လေပုပ်
များမှတစ်ဆင့် သပ်လျှိုသည်။ စားပွဲဝိုင်း
တွင်တော့ နိုင်ငံတော်တွင် တည်ငြိမ်မှုရှိစေ
နှစ်ကောင်ပိုက်ထားသည့်ပုံ ရိုးပုံရိုးလက်
သက်ဖွယ်စကား ဆိုကြသည်။

သို့သော် အေးချမ်းတည်ငြိမ်စွာနှင့် နယ
ကချင်အထူးဒေသ(၁)နှင့် ကယားအထူးဒေ
နားနား ဖွဲ့စည်းလိုက်ချိန်တွင်မှ စားလက်စ
အောင် တုန်လှုပ်ကြသည်။ သူတို့နှင့် မ
တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထဲမှ
များကတော့ သတင်းစာနှင့် ရုပ်မြင်သံကြ
သည့် နယ်ခြားစောင့်တပ် ဖွဲ့စည်းခြင်းအ
စိတ်လှုပ်ရှားကြသည်။ ဤလို ခမ်းခမ်းနား
လိမ့်မည်ဟု သူတို့ထင်မထား၊ ယခုတေ
ခံ့ခံ့ညားညား နယ်ခြားစောင့်တပ်အဖြစ် အ
မုန်းထားသူတို့ ပြောနေကြသည်နှင့်မ
ကောင်းကောင်းကြီး တွေ့မြင်လိုက်ကြရ
ကချင်အထူးဒေသ(၁)နှင့် ကယားအထူး
နိုင်ငံတော်တည်ငြိမ်လုံခြုံရေးနှင့် တိုင်းရင်းသ
လမ်းကြောင်းကို ကျန်တိုင်းရင်းသားအ
ရှေ့ဆောင်လမ်းပြ ဆောင်ရွက်ခဲ့ကြပြီဖြ
ဧရာဝတီကို အခြေတည်လျက် ခိုင်မြဲသေ
မဖက် ဆက်နွယ်ခဲ့ကြပေပြီ။

**ဤသို့လျှင် သံသယမီးပွားတို့ကား တ
ခဲ့ရာမှ တစ်ချိန်တွင် အပြီးတိုင် ချုပ်ငြိမ်းပေ
တည်း။ မူလက ဒေသခံအနည်းစုကသာ
လက်နက်ကိုင်တပ်ဖွဲ့ဝင်များအဖြစ်မှ တစ်
အသိအမှတ်ပြုခံရသော၊ မှတ်တမ်းဝင်သော
ဝင်များဖြစ်ခဲ့ကြပေပြီ။ နိုင်ငံအနှံ့ မည်သ
နိုင်ငံတော်၏ တပ်မတော်သားများသာတ
ပြည်နယ်မှ ပြည်သူတို့ကသာမက နိုင်ငံတ
ကလည်း နိုင်ငံတော်၏ နယ်နိမိတ်ကို စေ
မှတ်တမ်းဝင် တပ်မတော်သားတို့အဖြစ်
ပြုခဲ့ကြပေပြီ။ နယ်ခြားစောင့်တပ်ဖြစ်၍ ဂု
အရေးဆုံးရှုံးသည်ဟု မည်သည့်အကြောင်း
မည်နည်း။ မည်သည့်အခွင့်အရေးတို့ ဆုံးရှ
ဆိုလာလျှင်လည်း ရယ်ပွဲဖွဲ့စရာသာဖြစ်**

ဧရာဝတီစီးဆင်းရာလမ်းတစ်လျှောက်
လည်း ပေါင်းစပ်စီးဝင် နီကြင်ကြင်ဖြစ်
အချိန်တန်လျှင်မူ ရေကြည်ဖြူသန့်တို့ဘဝ ေ
ထို့အတူ ချင်းတွင်းသည်လည်းကောင်း၊ သံ
စစ်တောင်းသည်လည်းကောင်း၊ လေးမြို့
သည်လည်းကောင်း အခိုက်အတန့်သော
နောလျက် ရေအရောင် ပျက်ခဲ့ဖူးပေမည
လေငြိမ်ရေငြိမ်သောကာလ၊ အနည်ထိုင်
ကြည်လင်သောရေတို့အဖြစ် ဘင်္ဂလားပင
သမုဒ္ဒရာအတွင်း ချင်းနင်းဝင်ရောက်ကြလျ
ပြုကြရပေသည်။ ဤရေပြင်ကြီးကပင်
မိုးရေစက်တို့ဖြစ်စေကာ အမိနိုင်ငံတော်ကြ
ဒေသများကို အေးမြစိုပြည်စေဖို့ ရေတို့ကို
သည်။

အချိန်တန်ပေပြီ။ အပြီးသတ် ပေ
ဖြစ်ရကား နိုင်ငံနယ်ခြားဒေသ လုံခြုံမှုရ
နယ်ခြားစောင့်တပ် အခင်းအကျင်းဖြင့်
ဆင်နိုင်ဖို့ ဆုံးဖြတ်လိုက်ကြပါစို့ဟု ေ
သည်။ ။

ပြန်းတီးချည့်နဲ့စေလိုခြင်းကြောင့်လည်းကောင်း ရည်ရွယ်ချက်ဆိုးတို့ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲမှ သဘောထားဝေဝါးနေသူတို့ကို “နယ်ခြားစောင့်တပ်ဖြစ်သွားပါက မည်သို့မည်ပုံဖြစ်မည်”ဟု သွေးခွဲစကားဆိုကြသည်။ အချို့နိုင်ငံရေးသမားယောင်ယောင် အချောင်သမားတို့ကလည်း နိုင်ငံတော်တည်ငြိမ်သွားပါက ပြည်ပမှရရှိနေသည့် အဖျက်အမှောင့်လုပ်ငန်းများအတွက် ထောက်ပံ့ငွေများ ရပ်ဆိုင်းသွားပြီး သူတို့အတွက်မြိုးမြိုးမြက်မြက်ရနေသည်လေးများ ဆုံးပါးသွားမှာကို စိုးရိမ်ကြသည်။ အချို့က တည့်တည့်ပြောသည်။ အချို့ကတော့ ကိုယ်တိုင်အပြောခက်သဖြင့် ဆိုခဲ့ပြီးသော လေပုပ်ထုတ် အသံလွှင့်ဌာနများမှတစ်ဆင့် သပ်လျှိုသည်။ စားပွဲဝိုင်းများ၊ အင်တာဗျူးများတွင်တော့ နိုင်ငံတော်တွင် တည်ငြိမ်မှုရှိစေချင်သည်ဟု ခိုကလေးနှစ်ကောင်ပိုက်ထားသည့်ပုံ ရိုးပုံရိုးလက်မျက်နှာဖြင့် ကရုဏာသက်ဖွယ်စကား ဆိုကြသည်။

သို့သော် အေးချမ်းတည်ငြိမ်စွာနှင့် နယ်ခြားစောင့်တပ်အဖြစ် ကချင်အထူးဒေသ(၁)နှင့် ကယားအထူးဒေသ(၂)တို့က ခမ်းခမ်းနားနား ဖွဲ့စည်းလိုက်ချိန်တွင်မူ စားလက်စထမင်းလုတ် ပြုတ်ကျအောင် တုန်လှုပ်ကြသည်။ သူတို့နှင့် မတူခြားနားသော ကျန်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထဲမှ လူငယ်စစ်သည်လေးများကတော့ သတင်းစာနှင့် ရုပ်မြင်သံကြားတွင် တွေ့မြင်လိုက်ရသည့် နယ်ခြားစောင့်တပ် ဖွဲ့စည်းခြင်းအခမ်းအနားကိုကြည့်ပြီး စိတ်လှုပ်ရှားကြသည်။ ဤလို ခမ်းခမ်းနားနားကြီး ကျင်းပအပ်နှင်းလိမ့်မည်ဟု သူတို့ထင်မထား၊ ယခုတော့ စိတ်ဝင်စားဖွယ်ရာ ခံ့ခံ့ညားညား နယ်ခြားစောင့်တပ်အဖြစ် အပ်နှင်းခံရပေရာ မလိုမုန်းထားသူတို့ ပြောနေကြသည်နှင့်မတူ ကွဲလွဲနေကြောင်း ကောင်းကောင်းကြီး တွေ့မြင်လိုက်ကြရသည်။ မည်သို့ဆိုစေ ကချင်အထူးဒေသ(၁)နှင့် ကယားအထူးဒေသ(၂)တို့သည်ကား နိုင်ငံတော်တည်ငြိမ်လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလမ်းကြောင်းကို ကျန်တိုင်းရင်းသားအများ မြင်သာအောင် ရှေ့ဆောင်လမ်းပြ ဆောင်ရွက်ခဲ့ကြပြီဖြစ်သည်။ သံလွင်နှင့် ဧရာဝတီကို အခြေတည်လျက် ခိုင်မြဲသောလက်တို့ကို သံသယမဖက် ဆက်နွယ်ခဲ့ကြပေပြီ။

ဤသို့လျှင် သံသယမီးပွားတို့ကား တဖြည်းဖြည်း ငြိမ်းအေးခဲ့ရာမှ တစ်ချိန်တွင် အပြီးတိုင် ချုပ်ငြိမ်းပျောက်ကွယ်ရမည်သာတည်း။ မူလက ဒေသခံအနည်းစုကသာ အသိအမှတ်ပြုခဲ့သော လက်နက်ကိုင်တပ်ဖွဲ့ဝင်များအဖြစ်မှ တစ်နိုင်ငံလုံးက လေးစားအသိအမှတ်ပြုခံရသော၊ မှတ်တမ်းဝင်သော နယ်ခြားစောင့်တပ်ဖွဲ့ဝင်များဖြစ်ခဲ့ကြပေပြီ။ နိုင်ငံအနှံ့ မည်သည့်ဒေသကိုသွားသွား နိုင်ငံတော်၏ တပ်မတော်သားများသာတည်း။ ကချင်နှင့် ကယားပြည်နယ်မှ ပြည်သူတို့ကသာမက နိုင်ငံတစ်ဝန်းလုံးမှ ပြည်သူတို့ကလည်း နိုင်ငံတော်၏ နယ်နိမိတ်ကို စောင့်ရှောက်ပေးနေသူ မှတ်တမ်းဝင် တပ်မတော်သားတို့အဖြစ် သူတို့ကို အသိအမှတ်ပြုခဲ့ကြပေပြီ။ နယ်ခြားစောင့်တပ်ဖြစ်၍ ဂုဏ်လျော့သည်၊ အခွင့်အရေးဆုံးရှုံးသည်ဟု မည်သည့်အကြောင်းတရားက မှတ်ချက်ပြုမည်နည်း။ မည်သည့်အခွင့်အရေးတို့ ဆုံးရှုံးသနည်း။ မျက်စိမှိတ်ဆိုလာလျှင်လည်း ရယ်ပွဲဖွဲ့စရာသာဖြစ်တော့မည်။

ဧရာဝတီစီးဆင်းရာလမ်းတစ်လျှောက် ရေဆိုး၊ ရေနောက်တို့လည်း ပေါင်းစပ်စီးဝင် နီကြင်ကြင်ဖြစ်ခဲ့ဖူးပေမည်။ သို့သော် အချိန်တန်လျှင်မူ ရေကြည်ဖြူသန့်တို့ဘဝ ရောက်ရသည်သာတည်း။ ထိုအတူ ချင်းတွင်းသည်လည်းကောင်း၊ သံလွင်သည်လည်းကောင်း၊ စစ်တောင်းသည်လည်းကောင်း၊ လေးမြို့နှင့် ကုလားတန်တို့သည်လည်းကောင်း အခိုက်အတန့်သောကာလတွင် ရေဆိုးတို့နှောလျက် ရေအရောင် ပျက်ခဲ့ဖူးပေမည်။ မည်သို့ပင်ရှိစေ၊ လေငြိမ်ရေငြိမ်သောကာလ၊ အနည်ထိုင်သောကာလတွင်တော့ ကြည်လင်သောရေတို့အဖြစ် ဘင်္ဂလားပင်လယ်အော်နှင့် အိန္ဒိယသမုဒ္ဒရာအတွင်း ချင်းနင်းဝင်ရောက်ကြလျက် ပေါင်းစည်းမိတ်ဖက်ပြုကြရပေသည်။ ဤရေပြင်ကြီးကပင် အခိုးအငွေ့ပြန်လျက် မိုးရေစက်တို့ဖြစ်စေကာ အမိနိုင်ငံတော်ကြီး၏ တိုင်းရင်းသားတို့ဒေသများကို အေးမြစိုပြည်စေဖို့ ရေတို့ကို သွန်းချမှုဝေပေးပြန်သည်။

အချိန်တန်ပေပြီ။ အပြီးသတ် ပေါင်းစည်းရမည့်ကာလဖြစ်ရကား နိုင်ငံနယ်ခြားဒေသ လုံခြုံမှုရအောင် ကာကွယ်ရင်း၊ နယ်ခြားစောင့်တပ် အခင်းအကျင်းဖြင့် စုရုံးစတင်အောင်ပွဲဆင်နိုင်ဖို့ ဆုံးဖြတ်လိုက်ကြပါစို့ဟု တိုက်တွန်းလိုက်ချင်ပါသည်။ ။

အတတ်ပညာရှင်များကို မွေးထုတ်ပေးလျက်ရှိသည့် ပခုက္ကူ နည်းပညာတက္ကသိုလ်၏ ပင်မဆောင်ကို ဤသို့ ငွားငွားစွင့်စွင့် ဝင့်ဝင့်ထည်ထည်....။
ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

■ ရှေ့ဖုံးမှ

ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းပေါ် ရောက်နေတယ်၊ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ကြီးတွေကလည်း အလျားလိုက် အပြိုင်စီးဆင်းနေတယ်။ ဧရာဝတီမြစ်ဆိုရင် ကိုယ့်နိုင်ငံအတွင်းမှာမြစ်ဖျားခံပြီး ကိုယ့်နိုင်ငံအတွင်းမှာပဲ ပင်လယ်ထဲကိုစီးဝင်သွားတယ်။ ရှည်လျားလှတဲ့ ပင်လယ်ကမ်းရိုးတန်းကြီးကလည်း ရတနာသိုက်ကြီးပဲ၊ ခိုင်မာတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကလည်း အများကြီးပဲ၊ ဥပမာ- ပုဂံ၊ အင်းလေးတို့လိုပေါ့ဗျာ။ သယံဇာတဆိုတာကလည်း ပြောလို့ပင်မကုန်နိုင်ဘူး၊သစ်တော၊ ရေနံ၊ အများကြီးပါပဲ၊ နောက်ဆုံးဗျာ ဈေးချိုချိုနဲ့ အလုပ်လုပ်ကြမယ့် လူငယ်တွေကလည်း အများကြီးပဲ၊ အင်္ဂလိပ်လိုလည်းပြောတတ်ကြသေးတယ်”စသည်ဖြင့် နိုင်ငံခြားသားက သူ၏အမြင်ကို ပြောပြနေ၏။

မှန်ပေမည်၊ စာရေးသူတို့၏ ပခုက္ကူမြို့ကိုပင် ကြည့်ပါ။

“မြန်မာပြည်၏ နှစ်ရှည်စီမံကိန်းမှာ ပခုက္ကူကို အဓိကစီးပွားရေးဇုန်အဖြစ် ဖော်ပြထားတယ်၊ ဖြစ်နိုင်ပါ့မလား”ဟု စာရေးဆရာမောင်ဝံသ၏ နေအိမ်တွင် ဆွေးနွေးကြစဉ် မိတ်ဆွေတစ်ဦးက စာရေးသူကို မေးခဲ့၏။

ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည့် အသွင်ကို GSM တာဝါတိုင်ကြီးက ဂုဏ်ယူဝင့်ကြွားဖော်ညွှန်းပြသနေသည်။
ဓာတ်ပုံမှတ်တမ်း- အောင်သန်း (မင်္ဂလာတောင်ညွန့်)

ဈေးကွက်ကြီး

“ဖြစ်နိုင်ပါတယ် ဆရာရယ်၊ မြန်မာပြည်မြေပုံကို အရှေ့ဘက်နဲ့ အနောက်ဘက် အချွန်ကလေးကိုဆက်ဖို့ မျဉ်းတစ်ကြောင်းဆွဲပါ၊ မြောက်ထိပ်မှ တောင်ထိပ်ကိုဖြတ်တဲ့ မျဉ်းတစ်ကြောင်းဆွဲပါ၊ အဲဒီမျဉ်းနှစ်ကြောင်းဆုံတဲ့နေရာဟာ၊ ပခုက္ကူဒေသပါပဲ။ တစ်နည်းအားဖြင့်ပြောရရင် မြန်မာပြည်၏ မဇ္ဈိမဒေသပေါ့ဆရာရယ်။ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့ရဲ့ နောက်ဖေးပေါက်ချင်းဆက်သွယ်ပေးမယ့်ဒေသပေါ့။ ချင်းပြည်နယ် ယောဒေသနဲ့ ဗန့်ချီဒေသတို့ရဲ့ ဈေးကွက် ထွက်ပေါက်ကြီးလည်း ဖြစ်နေတယ်၊ ပုံတောင် တောင်ကြီးနဲ့ ပုံညာတောင်ကြီးတွေကလည်းအပြိုင် မိုင်တစ်ရာကျော် တည်ရှိနေတယ်၊ သစ်တောကြီးတွေ ဖုံးလွှမ်းနေတယ်၊ ယောချောင်း၊ မောချောင်း၊ စလင်းချောင်းတွေဆိုတာကလည်း တစ်နှစ်ပတ်လုံး ရေတသွင်သွင်စီးဆင်းနေတယ်။ ဒါ့ကြောင့် ထွက်ကုန်သီးနှံဆိုတာ အမျိုးစုံအောင် အများအပြားထွက်တယ်၊ ပခုက္ကူမှာ ဈေးကွက်ကြီးလာဖြစ်နေတယ်”စသည်ဖြင့် စာရေးသူက ရှင်းပြခဲ့ရ၏။

တစ်ခေတ်ပြောင်း

“ရန်ကုန်က ကုန်သည်ကြီးမှန်ရင် ပခုက္ကူကို လက်မလွှတ်ဘူး ဆရာရဲ့။ ပခုက္ကူဟာ တခြားမြို့နဲ့မတူတာက ကုန်မျိုးစုံကို အကြီးအကျယ်ဝယ်လို့ရတယ်၊ လွယ်တယ်၊ ဥပမာ- ငရုတ်၊ ကြက်သွန်၊ အာလူး၊ ပဲမျိုးစုံ၊ ထန်းလျက်၊ မန်ကျည်း၊ ရှားစေး၊ သစ်၊ မြေပဲ၊ နှမ်းစသည်ဖြင့် အမျိုးစုံပဲ၊ ဆေးရွက်ကြီးမှစပြီး ဝယ်လို့ရတယ်၊ အဲဒီတော့ ဥပမာ ဈေးကြိုက်လို့ ရှားစေးဝယ်ထားတယ်၊ ဈေးမကြိုက်လို့ပြန်ထုတ်ချင်ရင် နေ့ချင်းပြန်ရောင်းလို့ရတယ်၊ အဲဒီငွေကို ရန်ကုန်ကို ပြန်မသယ်ဘူး၊ ကြက်သွန်ဝယ်ပြီး ဂိုဒေါင်သွင်းထည့်ပေးပါဆိုရင် တစ်ပတ်အတွင်း တယ်လီဖုန်းတစ်လုံးနဲ့ ကုန်ပြောင်းလို့ရတယ်၊ အဲဒီဟာ တခြားမြို့တွေမှာ လုပ်လို့မရဘူး။ ကျွန်တော်တို့ဆိုရင်ဗျာ အရင်က တစ်နှစ်မှာ ကုန်ကို လေးမျိုး၊ ငါးမျိုးပြောင်းပြီး ရောင်းတယ်၊ ဝယ်တယ်ပေါ့ဗျာ”။ ဤစကားများသည် ယခင်က ရိုရှင်းကုမ္ပဏီမှ ဦးပေါဝါးကပြောခဲ့သော စကားများဖြစ်သည်။ ရိုရှင်း ကုမ္ပဏီသည် တည်ထောင်စကတည်းက စာရေးသူနှင့် စီးပွားရေး ဆက်ဆံလုပ်ကိုင်ခဲ့ကြသည်။ ဆိုရှယ်လစ်ခေတ်မှစပြီး ပခုက္ကူဒေသတွင် စက်ရုံ၊ အလုပ်ရုံကြီးတွေအများအပြားရှိခဲ့သည်။ ဥပမာ ဇာဂျီးနီးယားစက်ရုံ၊ စီးကရက်စက်ရုံ၊ ကျွန်းချောင်းဓာတ်မြေသြဇာစက်ရုံ၊ လျှပ်စစ်စက်ရုံ၊ ဓာတ်ငွေ့စက်ရုံ၊ ဝါဂွမ်းစက်ရုံ၊ မြစ်ခြေမြင်းမွေးမြူရေးစက်ရုံ၊ ပုဂ္ဂလိကသစ်စက်ကြီးတွေ၊ ဆီစက်ကြီးတွေ၊ ရက်ကန်း၊ ဖိနပ်လုပ်ငန်းများစုံနေသည်။ ဧရာဝတီတိုင်းမှဆန်သည် ပခုက္ကူမြို့နယ်တွင်စုပုံပြီး ယောဒေသနှင့် ချင်းပြည်နယ် အိန္ဒိယနိုင်ငံအထိ တင်ပို့ခဲ့ကြသည်။ အခြေခံအဆောက်အအုံများဖြစ်သော လျှပ်စစ်မီး၊ တယ်လီဖုန်း၊ ကုန်းလမ်း၊ ရေလမ်းတွေကလည်း ပြည့်စုံခဲ့သည်။ ပခုက္ကူ၏သမိုင်းကို ပြန်ကြည့်လျှင် ကျွန်းချောင်း-ပုဂံ ဇက်ခရပ်(ဖ်)လိုင်း ပွင့်ခဲ့၍ တစ်ခေတ်ပြောင်းခဲ့သည်။ အော်တိုတယ်လီဖုန်း တပ်ဆင်ခဲ့စဉ်က တစ်ခေတ်ပြောင်းခဲ့သည်။

ဆက်သွယ်သွားလာ

၁၉၈၈ခုနှစ် နောက်ပိုင်းမှာတော့ ပခုက္ကူသည် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲခဲ့သည်။ မီးရထားလမ်း၊ ကားလမ်း၊ မြစ်ကူးတံတားတွေ ပေါ်လာသည်၊ ဆက်သွယ်ရေးစနစ်တွေ တိုးတက်ခဲ့သည်၊ အလုပ်ရုံ၊ စက်ရုံတွေ တိုးတက်ခဲ့သည်။ မြိုင်မြို့ဒေသတွင် အကြီးစား စက်ရုံကြီးတွေ တည်ဆောက်နေသည်။ မီးရထားလမ်း ဆိုလျှင်လည်း ပခုက္ကူ-ဂန့်ဂေါ-ကလေးလမ်း၊ ပခုက္ကူ-ချောင်းဦး-မန္တလေးလမ်း၊ မကြာမီ ပခုက္ကူ-သရက် - ကြံခင်းမှတစ်ဆင့် ပုသိမ်အထိ မီးရထားဖြင့် သွားလာ၊ သယ်ယူ ပို့ဆောင်နိုင်ပေတော့မည်။ မြစ်ကူး တံတားကြီးတွေ ပြီးစီးသွားပါက ပခုက္ကူမှထွက်သော မီးရထားသည် တစ်နိုင်ငံလုံးသို့ ဆက်သွယ်သွားလာနိုင်ပေတော့မည်။

“ပခုက္ကူနှင့် မြင်းခြံ မြစ်ဧရာကြား မခံလျှင် အသွားအပြန်တစ်ဆယ်ခေါက်၊ နေ့ချင်းပေါက်ရောက်နိုင်ရဲ့လေး”ဟူသော ကဗျာလေးအတိုင်း ဖြစ်လာပေတော့မည်။ ဧရာဝတီမြစ်ကူးတံတားကြီးများသည် ပဌာနဂိုရ်နှင့်မလွှန်၊ ပခုက္ကူနှင့် လက်ပံခြေပေါ်ရွာတို့ကို ဆက်သွယ်ပေးရန် စီစဉ်ဆောင်ရွက်နေသည်ကို သတင်းစာများတွင် ဖတ်ရသည်၊ မှတ်ရသည်။

ကဗျာဆရာ စလင်းဘုန်းကျော်ကပင် “တံတားပြီးမှ သားကြီးကကားစီးပြီး ပြန်ခဲ့မယ်”ဟု စာရေးသူကို ပြောပြလိုက်သေးသည်။ ပခုက္ကူမြို့သည် ဧရာဝတီမြစ်၏ အနောက်ဘက်တွင် အကြီးဆုံးမြို့ကြီး ဖြစ်သည်။ “တောင်တွေ့လျှင် ဉမင်ဖောက်၊ မြစ်တွေ့လျှင်တံတားဆောက်” ဟူသော နိုင်ငံတော်အစိုးရ၏ ဆောင်ပုဒ်အရ ဧရာဝတီမြစ်ကြီးနှင့် ပုံတောင်၊ ပုံညာတောင်ကြီးများမှာ သဘာဝအဟန့်အတားမဟုတ်တော့ဘဲ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ခြမ်းတို့သည် တစ်ဆက်တစ်စပ်တည်းဖြစ်လို့လာနေပါပြီ။ အညာသူများက ပုသိမ်ထီးကိုဆောင်းပြီး ပုသိမ်သူများက ရှင်မတောင်သနပ်ခါးလိမ်း၍ ထန်းလျက်ချိုချိုကို မန်ကျည်းသီးနှင့်ကျိုလို့ သောက်ကြတော့မည်ဖြစ်သည်။

“ရောအနောက်မြို့တော်၊ ခေါ်တွင်ပါသည်၊ ပုံတောင်၊ ပုံညာတောင်တန်းကြီးက၊ နောက်ခံပန်းချီကားကြီးတည်။ ရှုလို့မဆုံးပြီ”....။

“ပုဂံပြည်လက်တစ်ကမ်း၊ ရောနဒီ တစ်ဖက်ကမ်းဆီ၊ ရှုမျှော်နိုင်ပါသည်၊ ခေါင်းလောင်းသံစီစီ၊ ဘုရားစေတီ၊ ပုထိုးတွေ ဖူးမြော်နိုင်ပါသည်။ သာသနာရောင်ဝါ ထွန်းပြောင်၊ ကမ္ဘာတိုင်အောင်တည်”....။

ကြားယောင်နေ

“ဖိတ်ခေါ်ပါသည်၊ ပခုက္ကူမြို့ဆီ၊ လေ့လာစရာစုံညီ၊ ရှင်မတောင်ကိုသွားမည်၊ တန့်ကြည့်တောင်ကိုသွားမည်၊ ရွှေပေါင်လောင်က သာယာသည်၊ သရက်ခွံဘုရားနဲ့ ပခန်းဌာနီ၊ ဗဟုသုတပြည့်စုံမည်၊ အိမ်ပြန်လက်ဆောင်ပေးမည်၊ ရှင်မတောင်သနပ်ခါးက၊ မွှေးပျံ့လှိုင်ကာကြည်။ ယောလုံချည်နဲ့ ပင်နီချောလဲ၊ သဘောတွေ့ရမည်။ (အပြောမဟုတ်ပြီ)၂ (ပခုက္ကူ မြို့ဆီ)၂ ဖိတ်ခေါ်ပါသည်”ဟူသော တေးရေးမဟာဆွေ၊ သံစဉ် မယ်ဒလင်လှတင်၏ **“ဖိတ်ခေါ်ပါသည်၊ ပခုက္ကူမြို့ဆီ”** ဟူသော သီချင်းနှင့် **“ရောအနောက်မြို့တော်”** သီချင်းတို့ကို စာရေးသူ၏နားတွင် ကြားယောင်နေရပါတော့၏။ ။

(မြန်မာ့အလင်း)

ပခုက္ကူမြို့အနောက်ဘက် သုံးမိုင်အကွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ ကြီးရွာမြစ်ရေတင်စီမံကိန်းဖြင့် ဧရာဝတီမြစ်ရေပေးဝေမှုကြောင့် လယ်မြေဧက ၅၀၀၀ ကျော်ကို မိုးစပါးစိုက်ပျိုးနိုင်ခဲ့ပေပြီ။
ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

မင်္ဂလာရှိပါစေ ဆုတောင်းနှုတ်ဆက်စာတိုင်ကို ပခုက္ကူမြို့မှအထွက် သပ်ရပ်လှပစွာ တွေ့မြင်ရသည်မှာ....။
ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

စီးပွားဖြစ် သစ်မွှေးစိုက်ကြပါစို့

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း - ကံမြင့် ➤ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

နေပြည်တော် နိုဝင်ဘာ ၂၆

နေပြည်တော် ဇေယျာသီရိမြို့နယ် ဖောဓိမြိုင်ကျေးရွာ (ရန်ကုန်-မန္တလေး ကားလမ်းဘေး) ဆောက်လုပ်ရေးဘိုတဲ အနီး၌ သစ်မွှေးပင်များ စိုက်ပျိုးလုပ်ကိုင်နေသည့် မင်းရာဇာ(၃) ပျိုးပင်များ အရောင်းဆိုင်နေရာသို့ ရောက်ရှိခဲ့ရာ စာရေးသူစိတ်ဝင်စားမှုရှိခဲ့သော သစ်မွှေးပင်နှင့်ပတ်သက်သည့် အချက်အလက်များကို စုစမ်းစေ့ငုခဲ့သည်။ သစ်မွှေးကို မြန်မာအမည် အကျော်ပင်၊ ရုက္ခဗေဒအမည် Aquilaria Agalo cha Roxb, Aquilaria Malaccensis၊ အင်္ဂလိပ်အမည် Aloe Wood Engalo၊ ကရင်အမည် Kalaw၊ ကချင်အမည် Hpun Sau Pum၊ လီဆူးအမည် Chit Paung ဟု ခေါ်တွင်သည်။



ပျိုးအိတ်များအတွင်း ပြောင်းရွှေ့စိုက်ပျိုးထားသည့် သစ်မွှေးပင်ပေါက်များကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

စတင်အသုံးပြု

သစ်မွှေးကို လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ကျော်ခန့်မှ စတင် အသုံးပြုခဲ့ပြီး အာရီယန်လူမျိုးများက စတင်အသုံးပြုကာ အာဂါဟုခေါ်ကြသည်။ အီဂျစ်လူမျိုးများအနေဖြင့် မာမီရုပ်အလောင်းများစီရင်သည့်အခါတွင် သစ်မွှေးအဆီခဲအား အဓိက ကုန်ကြမ်းအဖြစ် အသုံးပြုကြောင်း မှတ်သားဖူးသည်။ သစ်မွှေးကို တိုင်းရင်းဆေးဝါးများ ပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုလေ့ရှိသည်။ အသည်းခြောက်ရောဂါ၊ လေဖြတ်ရောဂါ၊ သွေးကင်ဆာရောဂါ၊ အသည်းရောင်အသားဝါ၊ အေအိုင်ဒီအက်စ်ရောဂါများအတွက် အထူးသင့်လျော်သည်။ ရေမွှေး၊ အလှကုန်ပစ္စည်းများပြုလုပ်ရာတွင်လည်း အဓိက ကုန်ကြမ်းအဖြစ် အသုံးပြုသည်။ အရွက်မှာ ထိခိုက်ရှနာ၊ သွားကိုက်နာတို့အတွက် အသုံးဝင်သည်။ ကချင်ပြည်နယ်ဒေသခံတိုင်းရင်းသားများက ရိုးရာဆေးဝါးအဖြစ် အသုံးပြုလေ့ရှိသည်။

သစ်မွှေးပေါက်ရာဒေသ

မြန်မာနိုင်ငံ၌ သစ်မွှေးပင် မျိုးစိတ်ပေါင်း ၁၀မျိုးခန့်ရှိပြီး သစ်မွှေးပေါက်ရာဒေသများအဖြစ် တနင်္သာရီ၊ ထားဝယ်၊ ဘုတ်ပြင်း၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်ပေါင်းလောင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် တွေ့ရသည်။ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ ထွက်ရှိသော Aquilaria Malaccensis နှင့် Aquilaria Agalocha Roxb တို့မှ ထုတ်ယူရရှိသော သစ်မွှေးများမှာ အမျိုးအစားကောင်း၍ ဈေးကောင်းရသည်။ ၄င်းမျိုးစိတ်နှစ်မျိုးမှာ ပူအိုက်စွတ်စိုပြီး တစ်နှစ်မိုးရေချိန် လက်မ ၅၀မှ ၁၅၀အတွင်း ရွာသွန်းပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၅၀၀မှ ပေ ၄၀၀၀အတွင်းနှင့် ပျမ်းမျှအပူချိန် ၁၀ဒီဂရီစင်တီဂရိတ်မှ ၂၅ဒီဂရီစင်တီဂရိတ်အတွင်း ကောင်းစွာဖြစ်ထွန်းရှင်သန်သည်။ သစ်မွှေးသည် သစ်ပွအမျိုးအစားဖြစ်ပြီး အသားရောင်ကို အဖြူနှင့်အဝါ နှစ်မျိုးခွဲခြားထားသည်။ စိုက်ပျိုးဖြစ်ထွန်းသောမြေအမျိုးအစားမှာ သဲဆန်သော နုန်းမြေ၊ ဂဝံမြေ၊ အနီရောင် သစ်တောမြေတို့ဖြစ်သည်။ ပညာရှင်များ အဆိုအရ မည်သည့်မြေအမျိုးအစားမဆို ပေါက်ရောက်နိုင်ကြောင်းနှင့် ကျောက်တုံးများ ဖုံးလွှမ်းသော (Stone Soil) မြေ၌လည်း ပေါက်ရောက်ကြောင်း သိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် မည်သည့်နေရာဒေသ၌မဆို ''သစ်မွှေး'' ကို စနစ်တကျ ပြုစုပျိုးထောင်စိုက်ပျိုးပါက ဖြစ်ထွန်းအောင်မြင်ပြီး အကျိုးရလဒ်ကြီးမားသည်။ သဘာဝတောများတွင် ပေါက်ရောက်သော သစ်မွှေးပင်များအနေဖြင့် ၁၀ပင်လျှင် တစ်ပင်ခန့်သာ သစ်မွှေးဆီရှိကြောင်း သိရသည်။

သစ်မွှေး ပျိုးထောင်မည်ဆိုပါက သစ်မွှေးစေ့တွင်ပါဝင်သော အစိုဓာတ်မှာ အပင်ပေါက်မှုအတွက် အရေးပါကြောင်း သိရသည်။ ထို့ကြောင့် သစ်စေ့ကြွေကျပြီး တစ်ပတ်အတွင်း သဲပေါင်တွင်ပျိုးထောင်ရန်လိုသည်။ သစ်စေ့အတွင်းရှိ ရေဓာတ် တစ်စတစ်စ ခန်းခြောက်လာပါက သန္ဓေသားအိမ်ပျက်စီးလာပြီး အပင်မပေါက်နိုင်တော့ပေ။ သစ်မွှေးစေ့ လတ်ဆတ်မှု ရှိမရှိကို အောက်ပါနည်းလမ်းများဖြင့် စစ်ဆေးနိုင်ပါသည်-

- သစ်မွှေးအစေ့ကို လက်ဖြင့် ဖြည်းညင်းစွာဖျစ်ညှစ်ကြည့်ပါက မာနေရမည်၊ အခွံကွဲမသွားပါ။
- သစ်မွှေးစေ့ကို သေချာစွာ ကြည့်လျှင် နီညိုရောင် အမွှေးအမှင်များ တွေ့ရှိရမည်ဖြစ်သည်။

ပြောင်းရွှေ့နိုင်

အောင်မြင်သော ပျိုးပင်များရရှိရေးအတွက် လတ်ဆတ်မှုရှိသော သစ်မွှေးစေ့ကို ရွေးချယ်စိုက်ပျိုးရန် လိုအပ်သည်။ သစ်မွှေးပျိုးပေါင်အား မြေဆွေး၊ သဲနုန်းနှင့် ဖွဲပြာ ဆတူရောစပ်ပြီး ပေါင်ပြုလုပ်၍ ပျိုးထောင်ရသည်။ ဂဝံမြေနှင့် သဲကို(၃း၁) ရောစပ်ရမည်။ သဲမှာမနုလွန်း၊ မကြမ်းလွန်းဖြစ်ရမည်။ ပျိုးမထောင်မီ ဟိုမုန်းဆေးနှင့် (၆၀ ဒီဂရီ - ၇၀ ဒီဂရီC) ရေနွေးရောစပ်ထားသော ရေထဲတွင် နှစ်နာရီခန့် စိမ်ပြီး ပျိုးထောင်ပါက ပေါက်နှုန်းပို၍ ကောင်းကြောင်း သိရသည်။ ၁၄ရက်ခန့်အကြာ အပင်ပေါက်ပြီး တစ်လခွဲအကြာ ပျိုးအိတ်များထဲသို့ ပြောင်းရွှေ့နိုင်သည်။ ပျိုးအိတ်အတွင်းထည့်သောမြေမှာ ဂဝံမြေ (Laterriti Soil) ဖြစ်ပါက ပို၍သင့်လျော်သည်။

သင့်တော်

ပျိုးအိတ်ကို ပထမလတွင် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ရေလောင်းပေးရန် လိုအပ်သည်။ ဒုတိယလတွင် တစ်ရက်တစ်ကြိမ် ရေလောင်းပေးရမည်။ တတိယလတွင် နှစ်ရက်တစ်ကြိမ် ရေလောင်းရမည်။ သုံးလအကြာတွင် အပင်အမြင့် ခြောက်လက်မခန့် ရှိလာမည်ဖြစ်သည်။ ခြောက်လအကြာတွင် အပင်ကြီးထွားမှုနှုန်းကို ပြန်လည်စစ်ဆေးရန် လိုအပ်သည်။ ရေသောက်မြစ်ကို ကြိုတင်ဖြတ်ထားရမည်။ ထိုအချိန်တွင် ရေမျှားမျှားလောင်းရန် လိုအပ်သည်။ ပျိုးအိတ်တွင် (ရှစ်လ-ကိုးလ) အကြာ၌ မြေသို့ချ၍ စိုက်ပျိုးရန် အသင့်တော်ဆုံးဖြစ်သည်။ သစ်မွှေးစိုက်မည့်နေရာကို တောအပြောင်ခုတ်ခြင်း၊ ရှင်းလင်းခြင်းမပြုပါက သစ်မွှေးပင်ပေါက်ရောက်ရှင်သန်မှု အကောင်းဆုံးဖြစ်သည်။ သို့ရာတွင် အချင်း ခြောက်လက်မအထက် အပင်နှင့် အပင်ကြီးများ မရှိရပါ။

ရောင်းချနိုင်

သစ်မွှေးပင် သုံးနှစ်သားအရွယ်တွင် ဆေးထိုးရမည်ဖြစ်ပြီး သစ်မွှေးပင်သက်တမ်း လေးနှစ်ကျော် ခြောက်နှစ်အတွင်း သစ်မွှေးခုတ်ယူနိုင်သည်။ သစ်မွှေးကို အတုံးလိုက်သို့မဟုတ် အဆီထုတ်၍လည်းကောင်း ရောင်းချနိုင်သည်။ သစ်မွှေးအသားစတွင် အနည်းငယ်ညိုနက်သော အပိုင်းများ အပင်၌ တွေ့ရှိပါက ၄င်းအသားများကို အပိုင်းပိုင်း အစစဖြစ်အောင် ခုတ်စဉ်းရသည်။ ၄င်းခုတ်စများကို အမှုန့်ကြိတ်စက်တွင် အမှုန့်ဖြစ်အောင်လုပ်ပြီး ရေတွင်စိမ်ထားရသည်။ ယင်းနောက် စိမ်ဖတ်များကို ပေါင်းခံအိုးတွင် ထည့်ပေါင်းသောနည်းဖြင့် အဆီများ ထုတ်ယူနိုင်သည်။ ပေါင်းခံသည့်အခါတွင် ပေါင်းအိုးအရွယ်အစားအလိုက် ဖြတ်စ ငါးပိဿာမှ ခုနစ်ပိဿာအထိ ပေါင်းခံနိုင်ပြီး ခုနစ်ပိဿာပေါင်းခံလျှင် သစ်မွှေးဆီ ဝဒသမ ၇၅ကျပ်သားခန့် ရရှိသည်။ သစ်မွှေး တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၃၀၀၀၀မှ ၅၀၀၀၀ ကျော်ရှိပြီး အမျိုးအစားကောင်းလျှင် ဈေးပိုရကြောင်း၊ ဘေးသား ဖယ်သား တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀မှ ကျပ် ၁၈၀၀၀အထိရှိကြောင်း သိရသည်။

ထုတ်ယူနိုင်

သစ်မွှေးပင်မှာ သာမန်အားဖြင့် မမွှေးဘဲ သစ်မွှေးပင်တွင် ဒဏ်ရာရရှိပြီး မှိုများ စွဲကပ်ဝင်ရောက်မှ မှိုမျှင်များ ပြန့်ပွားပြီး သစ်မွှေးဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ ထို့ကြောင့် သစ်မွှေးပင်ကောင်းဖြစ်ရန် မှိုမျိုးသွင်းပေးရန် လိုအပ်သည်။ ထိုင်းနိုင်ငံ၌ ပင်စည်အခေါက်ကို ၅စင်တီမီတာအကျယ်၊ ၃၇စင်တီမီတာအရှည်ခွာ၍ အပေါက်ဖောက်ပြီး မျိုးသွင်းရသည်။ သစ်မွှေးဖြစ်ရန်လိုအပ်သော Phaeoacrimonium Parasitica မှိုမျိုးသန့်သန့် ထည့်ရန်လိုအပ်သည်။ အပင်သက်တမ်း လေးနှစ်တွင် မှိုမျိုးထည့်ရန် အသင့်တော်ဆုံးဖြစ်သည်။ မှိုမျိုးသွင်းပြီး တစ်နှစ်အကြာ သစ်မွှေးထုတ်ယူနိုင်သည်။ မှိုမျှင်များ ကောင်းစွာပျံ့နှံ့သည့် သစ်မွှေးတစ်ပင်လျှင် သစ်မွှေးကီလို ၂၀မှ ၃၀အထိ ထွက်ရှိသည်။ သစ်မွှေးကို မတ်လမှ မေလအတွင်း ထုတ်ယူပါက အသင့်တော်ဆုံးဖြစ်သည်။ သစ်မွှေးအတန်းအစားခွဲရာတွင် သစ်မွှေးတုံးမှာနက်၍ ရေတွင် နစ်မြုပ်သွားပါက ပထမတန်းစားဟုသတ်မှတ်ပြီး ရေတွင်ပေါ်ပါက ဒုတိယတန်းစားဟု သတ်မှတ်သည်။

အမွှေးအကြိုင်

ယခုအခါ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် နေပြည်တော်တို့တွင် သစ်မွှေးစိုက်နိုင်ရန်အတွက် စတင်အကောင်အထည်ဖော်နေပေပြီ။ သစ်မွှေးမျိုးကောင်းမျိုးသန့်များကို ရှာဖွေစုဆောင်းကာ အစုအဖွဲ့ပိုင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် နိုင်ငံ၏စီးပွားရေး တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးပွားရရှိလာမည်မှာ မလွဲကေန်ဖြစ်သည်။ လူတိုင်း လူတိုင်းသည် အလှအပနှင့်အမွှေးနံ့သာကို ကြိုက်နှစ်သက်သူချည်းဖြစ်ရာ ယနေ့ကမ္ဘာ့နာမည်ကျော် အမွှေးအကြိုင်ပစ္စည်း၊ တန်ဖိုးအရှိဆုံး ရေမွှေး၊ အမွှေးတိုင်တို့တွင် သစ်မွှေးအဆီများကို ထည့်သွင်းအသုံးပြုပြီး နိုင်ငံတကာ ဈေးကွက်တွင်လည်း ထိပ်တန်း တန်ဖိုးအရှိဆုံးမှာ ''သစ်မွှေး''ပင်ဖြစ်သည်။

စိုက်ပျိုးသင့်

အချုပ်အားဖြင့် မင်းရာဇာ(၃)ပျိုးပင်များ အရောင်းဆိုင် (ရန်ကုန်-မန္တလေးကားလမ်းဘေး) နေပြည်တော်ရေဆင်း ဖောဓိမြိုင်ကျေးရွာ ဇေယျာသီရိမြို့နယ် နေပြည်တော် ပျိုးပင်အရောင်းခြံ၌ လေ့လာသိရှိ မှတ်သားခဲ့ရသော သစ်မွှေးသည် ဈေးကွက်အလားအလာကောင်းခြင်း၊ ဈေးကောင်းရရှိခြင်းကြောင့် နိုင်ငံအနှံ့ ဘက်စုံစိုက်ပျိုးရေး နှစ်ရှည်စိုက်ပျိုးပင်အဖြစ် ကြိုးပမ်းသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

သစ်မွှေးပင်ရှိ အဆီပြည့်နေသော နေရာမှ အသားအား ခွာယူထားသည်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း ဆောင်းမြေပဲစုပေါင်းစိုက်ပျိုးပွဲ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၆

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဇော်မင်းသည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၇ရက်က ဘားအံမြို့နယ် ကော့လိုက်ကျေးရွာအနီး၌ ကျင်းပသည့် ဆောင်းမြေပဲစုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ကော့လိုက်ကျွန်း၌ စားဖိုဆောင်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် နိုဝင်ဘာ ၁၈ရက်က မြိုင်ကလေးစံပြကျေးရွာ၌ မိုးစပါးရိတ်သိမ်းမှုနှင့် ရသေ့ပုံ၊ ပန်းကုံးနှင့် ငါးနက်ပြာကျေးရွာများအနီး၌ နုန်းသွင်းမြောင်းတူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယခုအပတ် TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၆

STAR SPORTS ရုပ်သံလိုင်းတွင် ပြသမည့် ဂန္ထဝင်လက်ရွေ့ပွဲဖြစ်သည့် မိုဟာမက်အလီ လက်ရွေ့ပွဲမျက်နှာဖုံးနှင့် TV Guide အတွဲ ၁၊ အမှတ် ၂၁ကို နိုဝင်ဘာ ၂၇ရက် (သောကြာနေ့)တွင် ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။ ယင်း TV Guide တွင် Asian Music Awards ဆုပေးပွဲအကြောင်း၊ Messrs တွင် ပြသနေသည့် Los Premios MTV 2009 (လက်တင်အမေရိက MTV ဂီတဆု) ဆုပေးပွဲအကြောင်း၊ Cartoon Network ရုပ်သံလိုင်းတွင် ပြသမည့် Ben 10 ဇာတ်လမ်းတွင် လူသားအစစ်နှင့် ရိုက်ကူးထားသည့် Ben 10 Alien Swarm ရုပ်ရှင်အကြောင်း၊ STAR SPORTS ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် မန်စီးတီးနှင့် ဟူးလ်စီးတီး၊ ဝုလ်နှင့် ဘာမင်ဂမ်ပွဲစဉ်အကြောင်း၊ ESPN ရုပ်သံလိုင်းတွင် ပြသမည့် အာဆင်နယ်-ချယ်လ်ဆီး၊ အဲဗာတန်-လီဗာပူး၊ ပို့စ်မောက်-မန်ယူ၊ အက်စ်တွန်ဗီလာ-စပါးပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Animal Planet ရုပ်သံလိုင်းတွင် ပြသမည့် ဆင်အုပ်ကြီးကို ဦးစီးနေသည့် ဆင်မကြီး အကြောင်း၊ Travel & Living ရုပ်သံလိုင်းတွင်ပြသမည့် Summer Weddings အကြောင်း၊ MRTV-4 တွင်ပြသမည့် ဖြိုးငွေစိုး၊ ဟန်ဇာမိုးဝင်း၊ မျိုးစန္ဒီကျော်၊ ဖူးစုံတို့ အားစမ်းထားသည့် စကားနပန်း အထူး အစီအစဉ်၊ Sunday Special အကြောင်း၊ ဂျေမောင်မောင်၊ ချစ်သုဝေ၊ ကောင်းကောင်း၊ မီးနိုတို့ပါဝင်သည့် FMF အကြောင်း၊ အီမိုဖက်ရှင်အကြောင်း တင်ဆက်ထားရာ ဖြူဖြူကျော်သိန်း၊ ဖွေးဖွေးတို့၏ အီမိုဒီဇိုင်းများကို တွေ့မြင်ရမည့် ဖက်ရှင်လမ်းညွှန် အကြောင်းများနှင့် ပါဝင်နေကျ ကဏ္ဍများ၊ တစ်ပတ်စာ အစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို တစ်စောင်လျှင် ကျပ် ၅၀၀နှုန်းဖြင့် City Mart များ၊ စိန်ဂေဟာစင်တာများ၊ Shopping Centre များ၊ စာအုပ်ဆိုင်များ၊ ဂျာနယ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အိမ်တိုင်ရာရောက် အစီအစဉ် ရှိနေပြီဖြစ်ကြောင်း သိရသည်။

ဖတ်ရှုနိုင်

မိမိနှင့် မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိအသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွတ်စေရန်အတွက် TV Guide ရုပ်မြင်သံကြား လမ်းညွှန်ကို Novel Light Express ဖုန်း-၃၉၁၁၈၆၊ ၂၄၃၈၉၃ ဖြန့်ချိရေးမှ ဖြန့်ချိလိုက်ပြီဖြစ်ရာ အပတ်စဉ် သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ ***(သတင်းစဉ်)***

Myanmar Golf Tour (2009-2010) IBTC OPEN Golf Championship

ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ဒီဇင်ဘာ ၁ရက်မှ ၄ရက်အထိ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar PGA တို့ကကြီးမှူး၍ International Beverages Trading Co., Ltd. မှ အဓိကကူညီပံ့ပိုးသော မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2009-2010) ၏ ပဉ္စမပွဲစဉ်အဖြစ် IBTC OPEN Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၁ရက်မှ ၄ရက်အထိ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional အဆင့်နှင့် အပျော်တမ်းအဆင့် Handicap 0-12 အဆင့်ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသည်။

ဆုများချီးမြှင့်မည်

အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူးဥပဒေသအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် (Hole-In-One) ဆုရရှိသူများအား ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် နိုဝင်ဘာ ၂၉ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ ဖုန်း-၀၉-၅၀-၁၇၀၄၉၊ ၀၉-၂၀-၃၇၆၇၁နှင့် ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း) တို့၌ အမည်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် International Beverages Trading Co.,Ltd. (IBTC)က အဓိက ကူညီပံ့ပိုးပြီး Co-sponsors များအဖြစ် Air Bagan Ltd.,KBZ Bank Ltd., Hotel Yangon,KM Golf Centre, HAN Golf Masters Pte., Ltd., Myanmar Thiha Trading Co., Ltd., Bay of Bengal Resort (BOB), (INAX,T-Home), CEPSA Lubricantes, ACCEL International Co.,Ltd. (Canon), Imperial Jade Purified Drinking Water, Lifeline Co.,Ltd, GP Watchနှင့် ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)တို့က ထပ်မံ ပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားသတင်းမှတ်စု

၂၀၀၉ မောင်မြန်မာခိုင်လင်းနှင့် တွေ့ဆုံခြင်း

➤ ရေးသူ-ကျော်ကျော် (စက်မှုတက္ကသိုလ်)
➤ စာမျက်နှာဖွဲ့စည်းမှု-ဝင့်မာသွင်(မြန်မာ့အလင်း)

မြန်မာနိုင်ငံကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်က ကြီးမှူး ကျင်းပခဲ့သည့် ၂၀၀၉ ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲကြီး၌ မောင်မြန်မာပထမဆုကို ခိုင်လင်းက ဆွတ်ခူးရရှိခဲ့သည်။

ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် Delta Plaza ရှိ မောင်မြန်မာခိုင်လင်းပိုင်ဆိုင်သည့် Champion Fitness Centre သို့ မကြာမီက စာရေးသူရောက်ရှိခဲ့သည်။ 'ချန်ပီယံ အမျိုးသား၊ အမျိုးသမီး ကိုယ်ကာယအလှ သင်တန်းခန်းမ' အတွင်း ဝင်လိုက်သည်နှင့် ၂၀၁၀ မောင်မြန်မာပြိုင်ပွဲကြီးအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မောင်မြန်မာ(ဦး)ခိုင်လင်းနှင့် ဇနီးဖြစ်သူ သင်တန်းမန်နေဂျာ ဒေါ်သီတာအောင်တို့အား တွေ့ရသည်။

သုံးထပ်ဆင့်မောင်မြန်မာခိုင်လင်းအား တွေ့ဆုံမေးမြန်း ရာတွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် နဂါးမောက်အောက်ရွာ ဇာတိ ဖြစ်ကြောင်း၊ အသက် ၄၆ နှစ်ရှိပြီဖြစ်ကြောင်း၊ အရပ် ၅ပေ ၁၀ လက်မရှိပြီး ကိုယ်အလေးချိန် ၉၁ ကီလို ဂရမ်ရှိကြောင်း သိရသည်။ ၂၀၀၉ ပြိုင်ပွဲမဝင်မီ ခြောက်လခန့်က ကိုယ်အလေးချိန် ၂၃၂ ပေါင်ရှိနေခဲ့ရာမှ ပေါင်ချိန် ၃၀ တိတိကျသွားစေရန် အစား အသောက်နှင့် အနေအထိုင်ဆင်ခြင်ပြီး လေ့ကျင့်ခန်းများ ပုံမှန်

မောင်မြန်မာခိုင်လင်း၏ 'ရင်အုပ်ကားကား ကြွက်သား ဖုထစ် ကျစ်လျစ်သန်မာ တို့မြန်မာ' ဟု စာဖွဲ့လောက်အောင် ချီးကျူးဘနန်း အံ့မခန်းသည့် ကာယဗလနှင့် ကာယအလှကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ယူလိုက်ရာ ယခုနှစ် ပြိုင်ပွဲရက်၌ ၂၀၂ပေါင်သာ ရှိတော့ကြောင်း၊ အသက် ၄၆ နှစ်ရှိပြီဖြစ်သော်လည်း ခန္ဓာကိုယ် ကြံ့ခိုင်ဆဲ ဖြစ်ကြောင်း တွေ့မြင် ကြားသိရသည်။

ဆွတ်ခူးခဲ့

ရရှိခဲ့ဖူးသည့် ပြည်တွင်းပြည်ပဆုကြီးများကို မေးမြန်းရာ၌- "၁၉၉၅ ခုနှစ်က စင်ကာပူနိုင်ငံမှာကျင်းပတဲ့ ပထမအကြိမ် အရှေ့တောင်အာရှ ကာယဗလ တံခွန်စိုက်ပြိုင်ပွဲကြီးမှာ ကီလို ၈၀တန်းမှာ ပထမရွှေတံဆိပ်နဲ့ ရန်ကုန်မြို့မှာ ကျင်းပတဲ့ မောင်မြန်မာပြိုင်ပွဲမှာ မောင်မြန်မာ ပထမဆု ဆွတ်ခူးခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်က ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းမှာ ပြုလုပ်တဲ့ ဒုတိယအကြိမ် အရှေ့တောင်အာရှ ကာယဗလတံခွန် စိုက်ပြိုင်ပွဲကြီးမှာ ကီလို ၉၀တန်း ဒုတိယ၊ ၁၉၉၇ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ ကျင်းပတဲ့ SEA Game ပြိုင်ပွဲကြီးမှာ ကီလို ၉၀ အထက်တန်း၌ တတိယကြေးတံဆိပ်နဲ့ ရန်ကုန်မြို့မှာ ကျင်းပတဲ့ မောင်မြန်မာပြိုင်ပွဲမှာ ဒုတိယအကြိမ်မြောက် မောင်မြန်မာဆုကြီး ထပ်ဆင့်ရခဲ့ပြီး ထိုင်းနိုင်ငံမှာ ကျင်းပတဲ့ အရှေ့တောင်အာရှ ကာယဗလတံခွန်စိုက်ပြိုင်ပွဲကြီးမှာလည်း ကီလို၉၀တန်း၌ တတိယရခဲ့ပါတယ်" ဟု ရှင်းပြသည်။

ရွှေတံဆိပ်

ဆက်လက်၍ "ဒါ့အပြင် ၁၉၉၃ ခုနှစ်ကစပြီး ၂၀၀၆ ခုနှစ်အထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မောင်ပြိုင်ပွဲများမှာလည်း တပ်မတော်မောင် ၁၃ကြိမ် တိုင်တိုင် ပထမဆု ရွှေတံဆိပ်ချည်း ဆွတ်ခူးရရှိခဲ့ပါတယ်" ဟု ဂုဏ်ယူစွာဖြင့် ပြောကြားသည်။

ထိုကဲ့သို့ ထပ်ဆင့်မောင်မြန်မာနှင့် ၁၃ ကြိမ်တိုင် တပ်မတော်မောင်ဘွဲ့များ ရယူပိုင်ဆိုင်ထားနိုင်သည့် ခိုင်လင်း၏ အောင်မြင်မှုများကား အံ့မခန်းပါတကား။ ပြိုင်ခဲ့သည့် ပြည်တွင်း ပြည်ပ ပြိုင်ပွဲတိုင်း၌ ဆုမရသည်ဟူ၍ မရှိခဲ့ဘဲ ပထမ၊ ဒုတိယ၊ တတိယ ဆုကြီးတစ်ခုမဟုတ်တစ်ခု ရရှိအောင်ပွဲခံခဲ့သည်မှာ လည်း ထူးခြားလှသည်။ လူငယ်လူရွယ်များ အတုယူစရာပင်။

ကင်းကွာခဲ့သော်လည်း

ယခုနှစ် ၂၀၀၉ မောင်မြန်မာပြိုင်ပွဲဝင်ဖြစ်ခဲ့ပုံကို မေးမြန်း ရာ "ကျွန်တော်က ၁၉၉၅ နဲ့ ၁၉၉၇ ခုနှစ်တွေမှာ မောင်မြန်မာ ဆုကြီးကို နှစ်ကြိမ်ရပြီး မောင်မြန်မာပြိုင်ပွဲတွေနဲ့ ၁၀နှစ်ကျော် ကင်းကွာခဲ့ပေမယ့် အဲဒီ ၁၀နှစ်ကျော်အတွင်း နေ့စဉ်မပြတ် ကာယလေ့ကျင့်ခန်းတွေ ယူဖြစ်တယ်ဗျ။ သိတဲ့အတိုင်းပဲ ဒီမှာက အသက် ၃၅ နှစ်လောက် ရောက်ပြီဆိုရင်ပဲ အားကစားပြိုင်ပွဲတွေ မှာ ဝင်ရောက်ဖို့ အသက်ကြီးနေပြီ။ ဆုလည်းရမှာ မဟုတ်ပါ ဘူးလို့ ထင်မြင်သတ်မှတ်ကြတာဆိုတော့ ကျန်းမာကြံ့ခိုင်ဆဲ ခန္ဓာကိုယ်ရှိနေသေးတဲ့အပြင် ပြိုင်ပွဲမှာ ဆုရကိုရရမယ် ဆိုတဲ့ ယုံကြည်မှုအပြည့်နဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ" ဟု မောင်မြန်မာ ခိုင်လင်းက ရှင်းပြသည်။

ယနေ့လူငယ်ထုအပေါ် သဘောထားအမြင်ကို မေးမြန်းရာ မောင်မြန်မာခိုင်လင်းက "ခေတ်လူငယ်တွေ ပိုကြိုးစားလာကြ တယ်။ ပညာရေးဘက်မှာသာမက ကာယဗလနဲ့ ကာယအလှ အားကစားဘက်ကိုပါ စိတ်ပါဝင်စားလာကြတာ၊ မိဘတွေလည်း ကာယဗလနဲ့ ကာယအလှအားကစားကို အားပေးလာကြတာ လက်တွေ့မျက်မြင်ပါပဲ။ မိမိတို့ရဲ့ တစ်ကိုယ်ရေ ကျန်းမာကြံ့ခိုင် ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားကို လေ့ကျင့်လိုက်စား လာကြတာ ကောင်းတဲ့အလားအလာပေါ့ဗျာ" ဟု ဖြေကြားသည်။

စနစ်တကျ

အသက် ၄၆နှစ်ရှိနေပြီဖြစ်သည့် ထပ်ဆင့်မောင်မြန်မာ ကိုခိုင်လင်းသည် မောင်မြန်မာပြိုင်ပွဲများ၌ ၁၀နှစ်ကျော်ဝင်ရောက် ယှဉ်ပြိုင်ခြင်းမပြုဘဲ နားနေခဲ့ရာမှ နေ့စဉ်မပြတ်စနစ်တကျ လေ့ကျင့်ခန်းယူကာ မောင်မြန်မာပထမဆုကြီးကို ထပ်မံဆွတ်ခူး ရရှိနိုင်သည်ကို ကြည့်ခြင်းအားဖြင့် ကာယဗလ အားကစားကို စနစ်တကျလေ့ကျင့်ခြင်းအားဖြင့် အသက် ၄၀ ကျော် ၅၀ ခန့် အသက်အရွယ်တိုင် မိမိ၏ကာယဗလ အောင်မြင်မှုအရည်အချင်း ကို အကောင်းဆုံး ထိန်းသိမ်းနိုင်စွမ်းရှိသေးကြောင်း သက်သေ ပြနိုင်ခဲ့ပေပြီ။ ။ (မြန်မာ့အလင်း)

ကာယဗလ အားကစားကို စနစ်တကျလေ့ကျင့်ခြင်းအားဖြင့် အသက် ၄၀ကျော် ၅၀ခန့် အသက်အရွယ်တိုင် မိမိ၏ကာယဗလ အောင်မြင်မှု အရည်အချင်းကို အကောင်းဆုံး ထိန်းသိမ်းနိုင်စွမ်းရှိ။

သက်ကြီးရွယ်အိုစောင့်ရှောက်မှုသင်တန်း သုံးခွ၌ဖွင့်

သုံးခွ နိုဝင်ဘာ ၂၆

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ ဆောင်၌ သက်ကြီးရွယ်အို ကျန်းမာရေး စောင့်ရှောက်မှု သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၁ရက် နံနက် ၉နာရီက ကျင်းပ သည်။

ဆေးများပေးအပ်

သင်တန်းဖွင့်ပွဲတွင် သမားတော်ကြီး ဒေါက်တာမြင့်ဟန်(အင်းစိန်ဆေးရုံ)ကြီးက အဖွင့်အမှာစကားပြောကြားပြီး (အပေါ်ပုံ) သက်ကြီးရွယ်အို အဘိုး အဘွားငါးဦးတို့ အား ဂါရဝပြုလက်ဆောင်ပစ္စည်းများနှင့် အားဆေးများ ပေးအပ်သည်။

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ ဆရာဝန်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၆၈ဦး တက်ရောက်ကြသည်။ (၁၂၄)

ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံ ဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (၀၈/၀၉)ကို နိုဝင်ဘာ ၂၈ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း)၊ မြေညီထပ် Seminar Room တွင် ကျင်းပမည်ဖြစ်ပါသည်။ ယင်းဆွေးနွေး ပွဲတွင် Architect & His Clients ခေါင်းစဉ်အား ဦးမော်လင်းမှ ဦးဆောင် ဆွေးနွေးမည်ဖြစ်ပြီး ဝါရင့်ဗိသုကာများ မှ ဝိုင်းဝန်းဆွေးနွေးကြမည် ဖြစ်သည်။ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက် နိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉-၈၇-၆၃၅၀၀၊ ၀၉-၅၁-၁၆၉၈၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (မြန်မာ့အလင်း)

ဘက္ကရီးအီးဒ်နေ့၌ လော်ကားဥယျာဉ် အချိန်တိုးဖွင့်ထားမည်

နေပြည်တော် နိုဝင်ဘာ ၂၆

သစ်တောဦးစီးဌာန၏ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ လော်ကားဥယျာဉ်ကို နေ့စဉ် ပုံမှန် နံနက် ၈နာရီမှ ညနေ၄နာရီအထိ ဖွင့်လှစ်ထားသော်လည်း နိုဝင်ဘာ ၂၈ရက် (ဘက္ကရီးအီးဒ်နေ့)တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန်အတွက် နံနက် ၈နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလက(၄) သင်္ဃန်းကျွန်း အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်း ကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်း များ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ၁၉၇၀ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ တာဝန်ထမ်း ဆောင်ခဲ့ကြသည့် ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအားလုံးသည် ဖိတ်ကြားစာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထားပြီး ဆက်သွယ်ရန် ကျောင်းသား ကျောင်းသူများအားလုံး မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်း လိုပါက ကျောင်းအုပ်ဆရာမကြီး ဖုန်း- ၅၆၅၂၅၂၊ ကိုထွန်းဝင်းစိုး ဖုန်း-၀၉-၅၁- ၁၃၈၇၁နှင့် ကိုကျော်သူရ ဖုန်း-၀၉-၅၁- ၅၁၃၄၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

နေပြည်တော် နိုဝင်ဘာ ၂၆

နိုဝင်ဘာ ၂၆ရက် မွန်းလွဲ ၁၂နာရီ ၄၄မိနစ် ၁၉ စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၃၅၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ ကပ္ပလီပင်လယ်ပြင် အိန္ဒိယနိုင်ငံ တစ်နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၁အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန် ထားသည်။ (သတင်းစဉ်)

ပရီမီယာကော်ဖီ တေးသံရှင်နှင့် ကိုရီးယားဂျင်စင်းအားဆေး အလှမယ် နောက်ဆုံးအဆင့် ရွေးချယ်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

Premier Coffee Company နှင့် Ginsetin ကိုရီးယားဂျင်စင်းအားဆေးတို့က ကြီးမှူး၍ တေးသံရှင်ရွေးချယ်ပွဲနှင့် အလှမယ်ရွေးချယ်ပွဲကို ပြည်နယ်နှင့် တိုင်းအသီးသီးတွင် ယှဉ်ပြိုင်ကျင်းပရာ Premier Coffee တေးသံရှင်ရွေးချယ်ပွဲမှ တေးသံရှင် ၄၀နှင့် Ginsetin အလှမယ် ရွေးချယ်ပွဲမှ အလှမယ် ၂၅ဦးတို့ကို ရွေးချယ်ပြီး ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာအရ ဒီဇင်ဘာ ၁၅ရက်တွင် ရန်ကုန်မြို့ Capital Hyper market ၌ နောက်ဆုံးအဆင့်ရွေးချယ်ပွဲကို ကျင်းပသွားမည်ဖြစ်ပြီး ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည် ဖြစ်သည်။

သတင်းပေးပို့ထား

ပါဝင်ယှဉ်ပြိုင်မည့် သူများသည် သက်ဆိုင်ရာရုံးခွဲများနှင့် နယ်ကိုယ်စားလှယ်များထံတွင် ပါဝင်ယှဉ်ပြိုင်မည့်သီချင်း CD များကို ထုတ်ယူနိုင်သည်။ ပြိုင်ပွဲဝင်များသည် ယှဉ်ပြိုင်မည့် နေ့ရက်မတိုင်မီ သုံးရက်ကြိုတင် သတင်းပေးပို့ထားပြီးဖြစ် ရမည်။ ယင်းနောက်ပိုင်း သတင်းပို့သော ပြိုင်ပွဲဝင်များကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

ထပ်မံရွေးချယ်မည်

အဆိုပါ ယှဉ်ပြိုင်သူများအတွက် ဒီဇင်ဘာ ၁၄ ရက်တွင် Capital Hyper-market Floor Area ၌ပဏာမ ယှဉ်ပြိုင်ပြီး ၄င်းတို့အထဲမှ ရွေးချယ်ခံရသူများအား ဒီဇင်ဘာ ၁၅ရက်တွင် ထပ်မံရွေးချယ်မည် ဖြစ်သည်။

စုံစမ်းမေးမြန်းနိုင်

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အမှတ် (299-A) မြဲမာလာလမ်း သာကေတ စက်မှုဇုန် သာကေတမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၈၆-၄၁၁၆၃၊ ၀၉-၈၆-၄၁၁၆၄၊ ၀၉-၈၆-၁၉၀၃၇၊ ၀၉-၈၆-၁၉၀၃၈နှင့် Ginsetin ကုမ္ပဏီ ဖုန်း- ၀၉-၈၆-၄၁၁၆၆ တို့သို့လည်းကောင်း၊ နယ်ကိုယ်စားလှယ်များထံတွင် လည်းကောင်း စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဒီဇင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်းထွက်နေပြီ

ရန်ကုန် နိုဝင်ဘာ ၂၆

ပန်းချီ မောင်ကျော်၏ ရိုးရာပန်းချီကောက်ကြောင်းလက်ရာနှင့်အတူ မိုးမြင့်လွင်၊ မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ ကို(တက္ကသိုလ်)၊ မောင်ဟေမာ၊ မောင်ယဉ်နွယ်၊ မန်းတင့်မော်၊ မောင်ပြည့်လှိုင်း(သံတွဲ)၊ ပုသိမ်မောင်ရွှေမူ၊ ပုဏ္ဏဝတီတင့်နှောင်း၊ မင်းနိုင်လေး(လမ်းမတော်)တို့၏ ရသစုံကဗျာပုံရိပ်ဒဿနများအပြင် ငွေကြည်၊ တင်အောင်နီ၊ မြေဇာ၊ အောင်ကျော်၊ သာဦးတို့၏ ကာတွန်းလက်ရာများအပါအဝင် မင်းယုဝေ၊ တက္ကသိုလ်တင်ခ၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ မောင်ခင်မင်(ဓနုဖြူ)၊ တက္ကသိုလ်သခ်၊ မောင်ကြည်သစ်ဦး၊ သော်ဇင်သစ်၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ရှင်ဉာဏ(ဖျာပုံ)၊ ချစ်စံဝင်း၊ တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာကျမ်းပြု)၊ မကြန်၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ ထွန်းလှိုင်၊ မောင်စူးစမ်း၊ ဗိုလ်ကလေးတင့်အောင်၊ ရွှေမြိတ်သောင်းတင်၊ ရဲမြင့်သိန်း(မွန်မြတ်စေတနာ)၊ ဒေါက်တာသက်ဆွေ၊ တင်သန်းဦး၊ မြသိန်း၊ နိုင်ဇော်၊ သက်နှင်းအောင်၊ ဂွမ်းဖြူဇင်၊ လှဘုန်းအောင်၊ ကိုခန့်(သုတေသန)၊ ဒေါက်တာဦးစံတင်အောင်(ရွှေဘို) တို့၏ သုတရသဆောင်းပါးများနှင့် ခင်မောင်အေး(မန္တလေး)၊ မောင်မြင့်ကြွယ်၊ ဆင်ဖြူကျွန်း အောင်သိန်း၊ ပုသိမ်ရန်နောင်စိုး၊ မျိုးကြီး(အမရပူရနေ)၊ ကုမုဒြာ၊ ရွှေသဉ္ဇာတို့၏ ဘဝဇာတ်လမ်းစုံဝတ္ထုတို၊ ဝတ္ထုရှည်တို့ကိုလည်း နှစ်သက်ဖွယ်ရာ ဖတ်ရှုကြရမည် ဖြစ်သည်။

ငွေတာရီမဂ္ဂဇင်းကို အမှတ်၁၈၁၊ ၃၂လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း ၁၅ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၈၂၇၃တို့သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆေးဝါးတုများရောင်းချမှု မရှိရေးစစ်ဆေး

ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဆေးဝါးတုများရောင်းချမှု မရှိရေးအတွက် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းဗိုလ်နှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန ဝန်ထမ်းများနှင့် ပေါင်းစပ်၍ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မလေးငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မလှိုင်မြို့နယ် အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မလှိုင် နိုဝင်ဘာ ၂၁

မလှိုင်မြို့နယ် ဝါးခွကျေးရွာအုပ်စု ညောင်ပင်ကျေးရွာ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်နှင့် ဥယျာဉ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ပက်ဖျန်း

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အလှူရှင် ဦးဘသီ-ဒေါ်ဖွားမှန် မိသားစုတို့ကိုယ်စား ဦးသိုက်စိုးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)**ကမ္ပည်းကျောက်စာကို မြို့နယ်ဥက္ကဋ္ဌနှင့် အလှူရှင်တို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ရှင်းလင်း

ဆက်လက်၍ ဖွင့်ပွဲ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းရွှေက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုလှရီက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ဆက်လက်၍ စာကြည့်တိုက် အဆောက်အအုံနှင့် ပတ်သက်သော စာရွက်စာတမ်းများကို အလှူရှင်မိသားစုဝင် ဦးသိုက်စိုးက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိထံ ပေးအပ်သည်။

လှူဒါန်း

ယင်းနောက် ခရိုင်ဦးစီးအရာရှိ ဦးဘိုလှရီက သုတရသ ဂျာနယ်မျိုးစုံ ၅၀ ကို စာကြည့်တိုက်ကော်မတီထံသို့လည်းကောင်း၊ အလှူရှင် ဦးဘသီ-ဒေါ်ဖွားမှန်နှင့် သားသမီး၊ မြေးတစ်စုတို့က စာကြည့်တိုက်အတွက် သုတရသစာအုပ်မျိုးစုံ ၁၅၀၀ကိုလည်းကောင်း မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဂွမြို့နယ် လောင်းကျိုးကျေးရွာ အလင်းတံခါးစာကြည့်တိုက် အဆောက်အအုံဖွင့်

ဂွ နိုဝင်ဘာ ၂၂

သံတွဲခရိုင် ဂွမြို့နယ် လောင်းကျိုးကျေးရွာ အလင်းတံခါးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၃ရက် နံနက်၉နာရီခွဲက အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်၊ ဂွမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းအေးနှင့် လောင်းကျိုးကျေးရွာဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆွေးနွေး

အခမ်းအနားတွင် လောင်းကျိုးကျေးရွာဥက္ကဋ္ဌ ဦးသိန်းဝင်းက ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် ပတ်သက်သည့် အကြောင်းအရာများ ဆွေးနွေးပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်က ခိုင်မာပြီး စံ(၅)ချက်နှင့်ညီညွတ်သည့် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင်အသစ် တိုးပွားရရှိရေး၊ ရရှိပြီး စာအုပ်စာစောင်များ စာငှားကတ်စနစ်ဖြင့် ကျင့်သုံးဆောင်ရွက်ရေးနှင့် ငွေပဒေသာပင် စိုက်ထူနိုင်ရေးတို့ကို ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မိုင်းအင်- မိုင်းလီ ကျေးလက်ကျောက်ချောလမ်းခင်းရန် ဆောင်ရွက်ထားမှုအခြေအနေကို နိုဝင်ဘာ ၁၇ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လတ် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့က ရှင်းလင်းပြသစဉ်။ (မြို့နယ် ပြန်/ဆက်)

ဖလမ်းမြို့၌ စာကြည့်တိုက်ဆောက်လုပ်ရေး ပန္နက်တင် အမြန်ဆုံးဆောက်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေး

ဖလမ်း နိုဝင်ဘာ ၂၀

ဖလမ်းမြို့ တလန်လိုရပ်ကွက် လုံပီး/လုံရန်းကွက်စိပ် ဦးဥတ္တမသာရ စာကြည့်တိုက် ဆောက်လုပ်ရေး ပန္နက်တင်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမန်းစိန်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရွှန်အဲင်းလျန်တို့က ပန္နက်စိုက်ထူပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ခွင့်ပြုငွေဖြင့် စာကြည့်တိုက် အမြန်ဆုံးအကောင်အထည် ဖော်ဆောက်လုပ်နိုင်ရေးနှင့် ဆောက်လုပ်မှုအခြေအနေများ အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

စစ်တွေခရိုင် ရသေ့တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်၊ တပ်ရင်း၊ တပ်ဖွဲ့၊ တိုက်နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို အောက်တိုဘာ ၁၈ရက်က မြို့နယ် အားကစားကွင်း၌ ကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော လောင်းချောင်းတိုက်နယ်အသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မျိုးမြင့်က ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ညောင်ဦးမြို့၌ ရေပိုက်သွယ်တန်း

ညောင်ဦး နိုဝင်ဘာ ၂၃

ညောင်ဦးမြို့ အနော်ရထာလမ်း စိမ်းလန်းစိုပြည်ရေးအတွက် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ခြောက်မိုင်ဆောင်ရွက်ပြီးစီးမှုကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် အင်ဂျင်နီယာမှူး ဦးမျိုးကျော်စိုးတို့က ကြိုးကြပ်ကြသည်။ **(မြို့နယ်စည်ပင်)**

မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကောလင်း၌ ကျင်းပ

ကောလင်း နိုဝင်ဘာ ၁၉

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် ပညာရေးဌာနတို့ ပူးပေါင်း၍ လမြတ်တန်ဆောင် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို နိုဝင်ဘာ ၁ရက်က ကောလင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇင်၊ မြို့နယ် ပညာရေးမှူး ဦးသန်းအောင်နှင့် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက ကြီးကြပ်ဆောင်ရွက်ကြသည်။

အဆိုပါ လမြတ်တန်ဆောင် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မူလတန်းကျောင်းသား ကျောင်းသူ ၃၃ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယ ရသူများနှင့် နှစ်သိမ့်ဆုရသူ ၃၀ တို့အား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။ (၀၇၂)

လင်းခေး၌ ဘာသာရပ်စွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်

လင်းခေး နိုဝင်ဘာ ၁၉

လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော အခြေခံပညာအထက်တန်းကျောင်း မြို့နယ်အဆင့် ဘာသာရပ်စွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၄ ရက် မွန်းလွဲ၁နာရီက အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်က အမှာစကားပြောကြားပြီး ဘာသာရပ်အလိုက် စွမ်းရည်ပြိုင်ပွဲတွင် ဆုရ အထက်တန်းအဆင့် မြန်မာစာတွင် ကျောင်းသူ နန်းဇာနည်ထွန်းကလည်းကောင်း၊ အင်္ဂလိပ်စာတွင် ကျောင်းသား စိုင်းမွမ်းဆိုင်ကလည်းကောင်း၊ အလယ်တန်းအဆင့် အထူးဆုရရှိသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၅၀ တက်ရောက်ကြသည်။ (ခရိုင် ပြန်/ဆက်)

မန္တလေး၌ မှုခင်းကျဆင်းရေး ပညာပေးဟောပြော

မန္တလေး နိုဝင်ဘာ ၂၀

မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၇ရက် နံနက်က ရပ်ကွက်ရုံး၌ ကျင်းပသည်။

ပြန်လည်ဖြေကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်မြစန္ဒာက အမှာစကားပြောကြားပြီး မန္တလေးတိုင်း ယာဉ်ထိန်းတပ်ဖွဲ့ ဒုရဲမှူး ဝင်းကြည်က**(အပေါ်ပုံ)** ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ဆောင်ရန်ရှောင်ရန် အကြောင်းကိုလည်းကောင်း၊ မြို့နယ်တွဲဖက်တရားသူကြီး ဦးလွန်းဘော်က ဥပဒေရေးရာအကြောင်း သိကောင်းစရာများနှင့် အမှတ်(၄) စခန်းမှူး ရဲအုပ်စည်သူက မှုခင်းကျဆင်းရေးနှင့် ပတ်သက်၍ ပညာပေးဟောပြောကြပြီး တက်ရောက်လာသူများ၏ မရှင်းလင်းသော အချက်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

(၀၉၀)

ဒီပဲယင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် စိုင်ပြင်ဈေးကြီးအတွင်း ဈေးဆိုင်များ၌ ဆိုးဆေးငါးပိရောင်းချခြင်းရှိမရှိကို အမှုဆောင်အရာရှိ ဦးတိုးကြည်နှင့် ကျန်းမာရေးဌာနဝန်ထမ်းများ ပူးပေါင်းစစ်ဆေးဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နွေစပါး တိုးချဲ့စိုက်ပျိုးရေး ရေနုတ်မြောင်းတူးဖော်

ရွှေကူ နိုဝင်ဘာ ၂၀

ရွှေကူမြို့နယ် ရွှေဘုံသာကျေးရွာအုပ်စု ရွှေကူလေးကျေးရွာရှိ နောင်ကုတ်အင်းနှင့် နောင်အက်အင်းတို့တွင် နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ရွှေဘုံသာကျေးရွာနှင့် ရွှေကူလေးကျေးရွာ ပြည်သူများစုပေါင်း၍ ရေနုတ်မြောင်းတူးဖော်နေမှုကို နိုဝင်ဘာ ၈ ရက်က မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးချစ်လွင်နှင့် မြို့နယ်မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးကျော်စိန်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

(၁၇၉)

ရခိုင်ပြည်နယ် ဥက္ကဋ္ဌဖလား
မြို့နယ်ပေါင်းစုံ (၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်

သံတွဲ နိုဝင်ဘာ ၂၀

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ(တောင်ပိုင်းဇုန်) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် ညနေ ၃ နာရီက သံတွဲမြို့ ဒွါရာဝတီ အားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ သံတွဲခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံအသက်(၂၅)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ(တောင်ပိုင်းဇုန်)ကို ဖွင့်လှစ်ပေးသည်။

အနိုင်ရ

ထို့နောက် ပထမနေ့ပြိုင်ပွဲအဖြစ် သံတွဲမြို့နယ်အသင်းနှင့် ဂွမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သံတွဲမြို့နယ်အသင်းက ခြောက်ဂိုး-နှစ်ဂိုးဖြင့် ဂွမြို့နယ်အသင်းကို အနိုင်ရရှိသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် သံတွဲမြို့နယ်အသင်း၊ တောင်ကုတ် မြို့နယ်အသင်း၊ ဂွမြို့နယ်အသင်း၊ ကျောက်ဖြူမြို့နယ်အသင်း၊ မာန်အောင်မြို့နယ်အသင်း၊ ရမ်းဗြဲမြို့နယ်အသင်းနှင့် အမ်းမြို့နယ်အသင်း စုစုပေါင်း ခုနစ်မြို့နယ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ထန်းတပင်၌ မူလတန်းကျောင်းသစ်ဆိုင်းဘုတ်ဖွင့်

ထန်းတပင် နိုဝင်ဘာ ၂၂

ပဲခူးတိုင်း တောင်ငူခရိုင် ထန်းတပင်မြို့နယ် ချောင်းဝကျေးရွာအုပ်စု ကျွန်းသုံးပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသစ်ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ရက် နံနက် ၈နာရီခွဲက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် အခြေခံပညာမူလတန်းကျောင်းသစ် ဆိုင်းဘုတ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်၊ မြို့နယ်ပညာရေးမှူး ဒေါ်နွဲ့နွဲ့ဝင်းနှင့် ကျောင်းအကျိုးတော်ဆောင် ဦးမြင့်စိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားကြပြီး လှူဒါန်းပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်က အလှူငွေကျပ် ၃၀၀၀၀၊ မြို့နယ်အလှူရှင်များ ဖြစ်ကြသော ဦးခွန်တင်မြင့်မိသားစုက ငွေကျပ် ၃၀၀၀၀၊ ဦးသက်တင်ထွန်း မိသားစုက ငွေကျပ် ၃၅၀၀၀ နှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းကြရာ အလှူငွေများကို ကျောင်းတာဝန်ခံဆရာမကြီးက လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နေပြည်တော်ပျဉ်းမနား၌ စာဆိုတော်နေ့ကျင်းပ

နေပြည်တော်ပျဉ်းမနား နိုဝင်ဘာ ၂၆

နေပြည်တော် ပျဉ်းမနားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီခွဲက စာဆိုတော်နေ့အခမ်းအနားကို အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်လွင်(စံကောင်း)က အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ဦးကျော်ရှင်းနှင့် ဦးကြည်အောင် (တေးသံရှင်ကြည်အောင်) တို့က စာပေရေးရာများ ဟောပြောကြသည်။ ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို ဦးထွန်းကျော်မင်းက ဖတ်ကြားသည်။ အခမ်းအနားသို့ ဆရာ ဆရာမများနှင့်ကျောင်းသားကျောင်းသူ ၃၀၀ကျော် တက်ရောက်ကြသည်။ (၀၈၄)

ပေါင်မြို့နယ် ပြန်/ဆက်ဦးစီးဌာန စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

ပေါင် နိုဝင်ဘာ ၁၅

မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက စာဖတ်ဝိုင်းကျင်းပရာ နိုဝင်ဘာ၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဒေါက်တာမြတ်မြတ်အုန်းခင် ရေးသားသော အမျိုးဂုဏ်-ဇာတိဂုဏ် မြင့်မားရေး အစဉ်ထိန်းသိမ်းစောင့်ရှောက်ကြသည့် မြန်မာ့အမျိုးသမီးများ ဆောင်းပါးကို ရုပ်/သံ-၃ ဒေါ်မိုးမိုးအေးနှင့် စာထောက်-၃ ဒေါ်မိယဉ်ယဉ်မွန်တို့က ဆွေးနွေးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက ပြန်လည်သုံးသပ်ဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်သတင်းများ

ရွှေကူမြို့နယ် ငါးဘတ်ဝကျေးရွာတွင် သုတထွန်းစာကြည့်တိုက်ဖွင့်

ရွှေကူ နိုဝင်ဘာ ၂၃

ရွှေကူမြို့နယ် ငါးဘတ်ကြီးကျေးရွာအုပ်စု ငါးဘတ်ဝကျေးရွာ သုတထွန်းစာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၄ရက်က ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဆန်းယု၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးကျော်စိုးနိုင်နှင့် ငါးဘတ်ဝကျေးရွာ ဥက္ကဋ္ဌဦးမောင်ညွှန့်တို့က သုတထွန်းစာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ) (၁၇၉)**

ရဲရင့်သွေးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်
သုတရသနှင့်စာအုပ်စာစောင်များ ကျောက်ဆည်မြို့နယ်၌ ပေးအပ်လှူဒါန်း

_ကျောက်ဆည် နိုဝင်ဘာ ၂၂_

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ရဲမအူကျေးရွာ ရဲရင့်သွေးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ရက် နံနက် ၈နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌဦးဌေးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များ စံ(၅)ချက်နှင့် ညီညွတ်ရေးတို့ကို ရှင်းလင်းဆွေးနွေးကာ သုတရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူသည်။

ဆက်လက်၍ ရဲရင့်သွေးစာကြည့်တိုက် အဆောက်အအုံသစ်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ ကျေးရွာဥက္ကဋ္ဌဦးဌေးလှိုင်နှင့် ရပ်မိရပ်ဖ ဦးမြသွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ***(အောက်ပုံ)***

(ခရိုင် ပြန်/ဆက်)

ဆီဆိုင်မြို့နယ်၌ အောင်သုတစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ဆီဆိုင် နိုဝင်ဘာ ၂၂

ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စု တပွန်းပုလဲရွာ အောင်သုတ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို နိုဝင်ဘာ၅ရက် နံနက်၁၀နာရီကအဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်ရီရီမေနှင့်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်အတွင်းရေးမှူး ဒေါ်ရီရီမေက ရေဒီယိုကက်ဆက်တစ်လုံး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခက စာအုပ်စာစောင် အုပ် ၁၀၀၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်က စာအုပ် ၁၀၀နှင့် အလှူရှင်များက ငွေပဒေသာပင်အတွက် ငွေကျပ်နှစ်သောင်းငါးထောင်ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ဆောင်ရွက်မည့် မဲ့ပလဲ့-ထီးချားရား ကျေးလက် ကျောက်လမ်း ကျောက်ဖြည့်ပြုပြင်မှုအခြေအနေကို လက်ထောက်အင်ဂျင်နီယာ ဦးငွေစိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တနင်္သာရီမြို့ ဈေးအနီးရေစီးရေလာ ကောင်းမွန်ရေးအတွက် ကွန်ကရစ်တံတားဆောင်ရွက်ထားရှိမှုအခြေအနေကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးထွန်းထွန်းဦးနှင့်အငယ်တန်း အင်ဂျင်နီယာ-၂ ဦးအောင်သက်ဦး တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မီးဘောကြိုတင်ကာကွယ်ရေး ကျောက်ထု၌ဆောင်ရွက်

ကျောက်ထု နိုဝင်ဘာ ၂၃

မကွေးတိုင်း ကျောက်ထုမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မီးဘေးကြိုတင်ကာကွယ်ရေးအနေဖြင့် နိုဝင်ဘာ ၂၀ရက်က အဖွဲ့ပိုင်ရုံးဝင်းအတွင်း သန့်ရှင်းရေး ဆောင်ရွက်နေမှုကို မြို့တာဝန်ခံ ဦးဉာဏ်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဘိုမင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

27-11 (16).pmd 1 11/27/2009, 12:54 PM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။

✻ RFA, DVB - သွေးထိုးနေသည်။

✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✻ နားမယောင်လေနဲ့ သတိထား။

သတင်းမှတ်စု
အေးသန္တာသိန်း နှင့်
မြကေခိုင်စိုး

ဓာတ်ပုံမှတ်တမ်း
မြန်မာ့အလင်း

စာမျက်နှာဖွဲ့စည်းမှု
တိုးလွင် (မြန်မာ့အလင်း)

ဒေသဖွံ့ဖြိုးရေးနှင့် နယ်စပ်ကုန်သွယ်ရေးအတွက် အထောက်အကူပြုလျက်ရှိသည့် ချင်းတွင်းတံတား (မုံရွာ)



မုံရွာ-ယာကြီး-ကလေးဝလမ်းမကြီးပေါ်တွင် အဓိကကျ၍ ကုန်စည်စီးဆင်းမှုနှင့် ကူးသန်းသွားလာမှု သယ်ပိုးအထောက်အကူပြုနေသည့် ချင်းတွင်းတံတား(မုံရွာ)ကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း

နေပြည်တော် နိုဝင်ဘာ ၂၆

နိုင်ငံတော်အစိုးရက စေတနာရှေ့ထားကာ လမ်းတံတားများ တည်ဆောက်ဖွင့်လှစ်ပေးမှုကြောင့် မြန်မာနိုင်ငံအနှံ့ရှိ လမ်းတံတားများမှာ ကွန်ရက်ကြီးသဖွယ် ဖြစ်တည်လျက်ရှိနေပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ဒေသတစ်ခုနှင့် တစ်ခုအကြား ဖွံ့ဖြိုးတိုးတက်မှုများမှာလည်း ကွာဟချက်နည်းပါးလာခဲ့ကာ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

သက်ကြီးရွယ်အိုများ ချိန်ဆလမ်းလျှောက်သင့်

သက်ကြီးရွယ်အိုများ လမ်းလျှောက်သည့်အခါ သူတို့ ခြေလှမ်းကို ကြည့်ရုံဖြင့် လဲကျတော့မည်လား၊ မကျန်းမာတော့၍ ဆေးရုံတင်ရတော့မည်လား ခွဲခြားသတ်မှတ်နိုင်ခဲ့ရာမှ ယခုအခါတွင် ခြေလှမ်းကို အကဲခတ်ရုံမျှဖြင့် နှလုံးရောဂါဖြင့် သေဆုံးမည့် အန္တရာယ်ရှိမရှိကို ကြိုတင်ခန့်မှန်းနိုင်ပြီဟု ဆိုသည်။

ဆက်နွယ်မှု

အသက်ကြီးသူတို့၏ ခြေလှမ်းနှင့် နှလုံးရောဂါဖြင့် သေဆုံးမှုတို့သည် ဆက်နွယ်မှုရှိပြီး ကြိုတင်မှန်းဆနိုင်ကြောင်း ဗြိတိသျှဆေးပညာဂျာနယ်တွင် ဖော်ပြလိုက်သည်။ စာမျက်နှာ ၆ ကော်လံ ၁ ✻

27-11 (20).pmd 1 11/27/2009, 12:54 PM